# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၂၃ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၅၃)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၁၀ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာ ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Ye Dabo အား ယနေ့ညနေ ၅နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Ye Dabo အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် စက်တင်ဘာ ၂၂

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က) နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် ကမန်အမျိုးသားတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သဖြင့် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၅)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၃ ရက်)

# ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများ အမျိုးသားရေးဦးထိပ်ထား ပြည်သူများ အတွေးခေါ်မှန်ကန်ရေး ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်

ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်နှင့် ဗီဒီယိုလောကသားတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ရည်ရွယ်ချက်(၅)ရပ်နှင့် ယင်းရည်ရွယ်ချက်များအောင်မြင်ရေးဆောင်ရွက်ရန် အခြေခံအချက် (၁၂)ချက်ကို သတ်မှတ်ပေးထားသည်။ အဓိကရည်ရွယ်ချက်မှာ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လောကသားများအနေဖြင့် အမျိုးသားရေးကို အစဉ်ဦးထိပ်ထားရန် ဖြစ်သည်။

ရုပ်ရှင်နှင့် ဗီဒီယိုအနုပညာသည် ဖျော်ဖြေရေးအတွက်သာမက ပြည်သူများကို အသိပညာပေးရန်၊ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးရန်၊ စိတ်ဓာတ်ခွန်အားကို ဖြည့်စွက်ပေးရန်ဖြစ်သည်။ အထူးသဖြင့် လူငယ်များ၏စိတ်ပိုင်းဆိုင်ရာကို ပြုပြင်ပြောင်းလဲနိုင်စွမ်း၊ စည်းရုံးနိုင်သော စွမ်းအားနှင့်လည်း ပြည့်လျှမ်းနေသော အနုပညာရပ်ဖြစ်သည်။

ယနေ့အချိန်၌ ခေတ်မီနည်းပညာများ တိုးတက်ပြောင်းလဲလာသည့်အလျောက် စက်ပစ္စည်းကိရိယာ အသစ်အဆန်းများဖြင့် အသုံးပြုရိုက်ကူးထုတ်လုပ်မှုများကို ပြုလုပ်လာခဲ့ကြသည်။ ထို့ကြောင့် မြန်မာ့ရုပ်ရှင်အဆင့်အတန်းသည် တိုးတက်မြင့်မားလာခဲ့သည်။ မြန်မာ့ရုပ်ရှင်သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ဇာတ်အိမ်၊ ဇာတ်လမ်းခိုင်မာသော၊ သရုပ်ဆောင်အရည်အသွေးကောင်းမွန်သော၊ အရုပ်၊ အသံ၊ အရောင်ကောင်းမွန်သော အရည်အသွေးများဖြင့် ပိုမိုပြည့်ဝရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

ရုပ်ရှင်နှင့် ဗီဒီယိုအနုပညာသည် ပြည်သူများကို စည်းရုံးနိုင်သော စွမ်းအားများရှိသည့်အလျောက် ပြည်သူများ မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်များ ပိုမိုထွန်းကားနိုင်ရန်၊ တိုင်းရင်းသားများအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှု အစွန့်ရှည်တည်တံ့ရန်၊ အတွေးအခေါ်များမှန်ကန်ပြီး အသိပညာများ၊ ဗဟုသုတများ ပေးစွမ်းနိုင်ရန်အတွက် ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၉-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ လယ်တီဆရာတော်ကြီး ထေရုပ္ပတ္တိ ရေးဖွဲ့သီရာ စာကဗျာလင်္ကာ (အပိုင်း-၁)
- ၇း၃၀ ၄။ ဓမ္မပူဇာတေး
- ၇း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ မွေးမြူသုတ
- ၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ** (အပိုင်း-၆)
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၅၁)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၁၇)
- ၂၃။ ဂီတရင်ခုန်သံ



## ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် ဝန်ကြီး ဦးမောင်မောင်ဆွေအား လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီးရုံး မေခလာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းရပ်များကို ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တွံတေးမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ အနီးကပ်စောင့်ရှောက်မှုဖြင့် တွံတေးမြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၁၇ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ဆေးရုံ ချမ်းမြေ့မင်္ဂလာခန်းမ၌ ကျင်းပရာ ရေးဦးစွာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်၊ ဒေါက်တာဝေမာမာထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာဦးမျိုးသန့်၊ တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းရှိန်၊ အနာကြီးရောဂါတိုက်ဖျက်ရေးမှ ဒေါက်တာသန်းဝင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြူခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး ဆရာဝန်ကြီးများက ကဏ္ဍအလိုက် ဟောပြောကြသည်။

ထို့နောက် အဆိုပါပူးပေါင်းအဖွဲ့သည် တွံတေးမြို့နယ်အတွင်းရှိ ကျွန်းတော၊ ညောင်တံခါး၊ အိုးဖို (အနောက်)၊ ညောင်ဝိုင်းရပ်ကွက်များရှိ နာတာရှည်ဝေဒနာရှင်၂၀တို့အား အိမ်တိုင်ရာရောက် ကွင်းဆင်းပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးပြောကြားပြီး ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကျန်းမာရေး)**



ပလက်ဝမြို့ မြို့ဝင်ဆိုင်းဘုတ်ရှေ့ မြေယာရှုခင်းအလှဆောင်ရွက်မှုကို စက်တင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးမောင်ဝင်းလှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းများဆင်း

**မြိုင် စက်တင်ဘာ ၂၂**

မြိုင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု အမှတ်စဉ် (၁၄)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၁၀)သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ဇနာရီကကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသိန်းဇော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင်ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းကျောင်းအုပ် ဒေါ်စောသီတာဆွေက သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၈ရက်က အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးရင်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးလေးဘာသာဖြင့် အောင်မြင်ခဲ့သော မစုဒါလီဦးအား ဆုချီးမြှင့်စဉ်။ (၁၂၇)



# အဆင့်မြင့်ဟိုတယ်သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၂

SANTINI International Training Academy က ပြည်တွင်း ပြည်ပရှိစားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ Shopping Mall များ၊ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောများ၌ ဝင်ရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် လည်းကောင်း၊ မိမိ၏ဘဝ မြင့်မားရေးအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအဖြစ်လည်းကောင်း ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ကွန်ပျူတာနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းများအနက် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိသော အဆင့်မြင့် ဟိုတယ်သင်တန်းများ ဖြစ်သည့် Managing Front Office Operation, Managing Housekeeping Operation, Managing Food & Beverage Operation Course များမှာ လေးလကြာမြင့်မည်ဖြစ်ပြီး အခြေခံကာလတို တစ်လခွဲသင်တန်းများဖြစ်သော Front Desk Representative, Guestroom Attendant, Restaurant Server, Bartender & Arts of Mixology နှင့် IT သင်တန်းများအား ရုံးဝန်ထမ်းများ အဆင်ပြေစေရန် ရုံးချိန်ပြင်ပစာသင်ချိန်များ အသွင်ဖြင့်လည်းကောင်း၊ ပုံမှန်သင်တန်းချိန်များအဖြစ်ဖြင့်လည်းကောင်း ကျောင်းသားများ အဆင်ပြေစေရန် ဖွင့်လှစ်ပေးသွားမည်ဟု သိရသည်။ သင်တန်းများကို အောက်တိုဘာလတွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ်ပေးသွားမည်ဟု သိရသည်။

သင်တန်းသားများ၏ အထူးခံစားခွင့်အနေဖြင့် အခမဲ့ ဟိုတယ်သုံးအင်္ဂလိပ်စကားပြောသင်တန်း၊ IT Course အင်တာနက်အသုံးပြုခွင့်နှင့် အရစ်ကျပေးသွင်းနိုင်သော စနစ်များလည်းရရှိနိုင်သည်ဟု သိရသည်။

Hospitality Diploma Courses for HK, FO and F & B ခြောက်လသင်တန်းများကို အောက်တိုဘာလတွင် စတင်သင်ကြားတော့မည်ဖြစ်ရာ စက်တင်ဘာ ၂၅ရက်နှင့် အောက်တိုဘာ ၉ရက်တို့တွင် New Ayer Hotel, 1st Floor, Santini Training Center ၌ နံနက် ၁၁နာရီမှ မွန်းလွဲ ၁နာရီအထိ ကျင်းပမည့် ပညာရေးဆွေးနွေးပွဲများ၌ မိတ်ဆက်မည်ဖြစ်သည်။

အသေးစိတ်စုံစမ်းလိုပါက အမှတ်(၁၇၀/၁၇၆)နယူးဧရာဟိုတယ် ပထမထပ် ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန် (အလာဒင် ဂိမ်းစင်တာအနီး) e-mail:info @ santinitraining.com,admin @ santinitraining.com,website:www.santinitraining.com ဖုန်း- ၃၈၃၇၃၉၊ ၃၈၃၇၄၀နှင့် ၂၅၆၉၃၈-၄၄ လိုင်းခွဲ ၈၅၅၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲဖွင့်ပွဲ တောင်ငူခရိုင် အားကစားကွင်း၌ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

**၂၀၁၀ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်းများအား ကြိုဆိုပွဲနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ကေတုမတီ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

**အမှာစကားပြောကြား**

ရှေးဦးစွာ တိုင်းမှူးက ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ဆက်လက်၍ဝန်ကြီးက ပြိုင်ပွဲကျင်းပပေးရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများ ပေးအပ်ပွဲကို ကျင်းပရာ ဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီများ၊ တက္ကသိုလ်များ၊ ကောလိပ်နှင့် အခြေခံပညာအထက်တန်းကျောင်းများသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

**တက်ရောက်အားပေး**

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် တောင်ငူခရိုင် အားကစားကွင်း၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကမာရွတ်မြို့နယ် (၁)ရပ်ကွက် ဇေယျာသီရိလမ်း အမှတ် ၅ နေ ဦးသိန်းလွင်၊ သမီး ဒေါ်မြမြလွင်၊ ဒေါ်ချိုချိုလွင်၊ သား-ဦးနေလွင် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ဇာခြည်မြင့်တို့ လက်ခံယူစဉ်။** (ကင်ဆာဖောင်ဒေးရှင်း)





**စလင်းမြို့ သာယာလှပရေးနှင့် ရေစီးရေလာကောင်းရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသိန်းထွန်းဦး ဦးဆောင်သော ဝန်ထမ်းများ စက်တင်ဘာ ၁၂ရက်က မြင်တင်ရပ်ကွက် လောကမာန်အောင်လမ်းတွင် ရေမြောင်းတူးဖော်သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ တောင်ကြီးတက္ကသိုလ်၌ ဟောပြော

**တောင်ကြီး စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ရက် မွန်းလွဲ ၁နာရီက တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ကျင်းပရာ ရှေးဦးစွာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး တင့်စိုးရှိန်က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊**(ယာပုံ)**ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်း စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေက တစ်နိုင်ငံလုံး သုံးနှစ်အတွင်း ယာဉ်မတော်တဆမှု၊ သုံးနှစ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ယာဉ်မတော်တဆမှု၊ တောင်ကြီးမြို့နယ်အတွင်း ယာဉ်မတော်တဆမှုများကိုလည်းကောင်း၊ တစ်နှစ်၊ တစ်လ၊ တစ်ပတ်အတွင်းဖြစ်ပွား၍ ဒဏ်ရာရ သေဆုံးမှုများအား ကိန်းဂဏန်းများဖြင့်လည်းကောင်း၊ ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရန် စည်းကမ်းချက်များနှင့် ယာဉ်မတော်တဆမှုကြောင့် ဖြစ်ပွားသည့် အနိဋ္ဌာရုံ ရုပ်ပုံများဖြင့် လည်းကောင်း၊ အင်တာနက်မှ ယာဉ်မတော်တဆ ဖြစ်ပွားပုံများကိုလည်းကောင်း ပရိုဂျက်တာဖြင့် ပြသရှင်းလင်းဟောပြောသည်။

ထို့နောက် ရှမ်းပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကျောင်းသား ကျောင်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **(၁၈၉)**



# အိမ်တွင်းမှုကျောင်းသင်တန်းများဖွင့်ပွဲ ဆိပ်ဖြူမြို့နယ်၌ ကျင်းပ

**ဆိပ်ဖြူ စက်တင်ဘာ ၂၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၅)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက်က သင်တန်းကျောင်း ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းများသို့ သင်တန်းသူ စုစုပေါင်း ၅၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အိမ်တွင်းမှု)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မင်္ဂလာကန်တော်ကြီး ကန်တူး၊ကန်ဆယ်ရေး အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၆)အနောက်ရပ်ကွက်ရှိ မင်္ဂလာကန်တော်ကြီး ကန်တူး၊ ကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၃ရက်က မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ် (၅၆) အင်းလျားမြိုင်လမ်း ဗဟန်းမြို့နယ်နေ အလှူရှင် ဦးမြတ်ကျော်မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ အမှတ် ၁၁၆ ဥက္ကာ(၄)လမ်း မြောက်ဥက္ကလာပမြို့နယ်နေ ဦးသန့်ဇင်-ဒေါ်သီတာလွင်**(အောက်ပုံ)** မောင်နှမတစ်စုက ငွေကျပ် ၇၅၀၀၀၊ မိဘနှစ်ပါးအား ရည်စူး၍ အမှတ် ၃၅ ဖို့မြေလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဆရာမဒေါ်ခင်နီက ငွေကျပ် ၄၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အမှုဆောင်နာယက ဦးအောင်ကျော်ညွန့်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြသည်။**(မြန်မာ့အလင်း)**



## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(သောကြာနေ့-နံနက်+နေ့လယ်+ည)**

**၂၄-၉-၂၀၁၀**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်+ ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (ပျော်ရွှင်ခြင်းသော့)
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားက ပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် (Intermediate Level)
၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း (ကျန်းမာရေးဝန်ကြီးဌာန) နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ Music Talk တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရင်ခုန်စီးဆင်းအနုပညာသတင်း (၉)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ လူမှုစာနာပြန်ကြားလွှာ
၁၈း၂၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၄၅ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (အစိမ်းရောင်ရသ)
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
၂၀း၂၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဒေါ်သီတာဝင်း DOZO) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (လူငယ်များဘာကြောင့် စာဖတ်ဖို့လိုသလဲ)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

# ဘဂ္ဂဒက်၌ ဗုံးများဆက်တိုက်ပေါက်ကွဲ၊ ၃၇ဦးသေဆုံးပြီး ၁၁၁ဦး ဒဏ်ရာရရှိ



ဘဂ္ဂဒက် စက်တင်ဘာ ၂၂

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်၌ စက်တင်ဘာ ၂၀ရက်က ကားဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားရာ ၃၇ဦး သေဆုံးပြီး ၁၁၁ဦးဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနောက်ပိုင်း ဟန်ဆိုရာဒေသရှိ တာရှဆဲလ်မိုင်တိုင်း ကုမ္ပဏီအနီး မော်တော်ယာဉ်ရပ်နားရာနေရာ၌ အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၁၀ဦးသေဆုံးပြီး ၅၈ဦး ဒဏ်ရာရရှိသည်ဟုဆိုသည်။

**သေဆုံး**

ယင်းနေ့ နှောင်းပိုင်းမှာပင် အဆိုပါကုမ္ပဏီထဲ၌ အားပြင်းသည့် ပေါက်ကွဲမှုဖြစ်ပွားပြန်ရာ နံရံ ၊ တံခါးများနှင့် ပြတင်းပေါက်များပျက်စီးပြီး အဆောက်အအုံနံရံတချို့ ပြိုကျပျက်စီးခဲ့ရာ ကုမ္ပဏီဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ် ရှစ်ဦး သေဆုံးသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အီရတ် အမျိုးသားလုံခြုံရေးဝန်ကြီးဌာနအနီး၌ ထပ်မံ၍ ကားဗုံးပေါက်ကွဲပြန်ရာ **(အပေါ်ပုံ)** ၁၉ဦးသေဆုံးပြီး ၅၃ဦးဒဏ်ရာရရှိကာ ဝန်ကြီးဌာနအဆောက်အအုံနှင့် အနီးဝန်းကျင်ရှိ အိမ်ခြေများစွာ ပျက်စီးခဲ့ရသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ အီရတ်နိုင်ငံ၏ မြို့ကြီးများ၌ တည်ငြိမ်ရေးနှင့်လုံခြုံရေးကို အီရတ်တပ်ဖွဲ့က တာဝန်ယူ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

## အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၂၂ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၃၅၉၅** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၃၂၆၆**ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၃၅၉၅ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၃၂၆၆ ဦး |

(အင်တာနက်)

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

## အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် စက်တင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၂၂ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၂၁၃** ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၃၉၈၈၈**ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၂၁၃ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ | ၃၉၈၈၈ ဦး |

(အင်တာနက်)



## အမေရိကန်တို့၏ တိုက်ခိုက်မှု တာလီဘန် ၁၄ဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်တွင် စက်တင်ဘာ ၂၁ရက်က အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်များက တာလီဘန်သူပုန်တို့၏ တိုက်ခိုက်မှုကို တုံ့ပြန်ရာတွင် တာလီဘန် ၁၄ဦး သေဆုံးကြောင်း ထုတ်ပြန်ကြေညာသည်။

**သေဆုံး**

ဟယ်လ်မန့်ပြည်နယ် နက်အလီခရိုင်အတွင်း ကင်းလှည့်နေသည့် အာဖဂန်နှင့် နေတိုးတပ်ဖွဲ့ဝင်များအား စက်သေနတ်များ၊ လက်နက်ငယ်များဖြင့် တာလီဘန်တို့က စက်တင်ဘာ ၂၁ရက်က ပစ်ခတ်တိုက်ခိုက်သည်။ နေတိုးတို့က တာလီဘန်တို့အား လေကြောင်းအကူနှင့် တကွ စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့သည့်အတွက် သူပုန် ၁၄ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိ သွားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## အာဖဂန်၌ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များသေဆုံးမှု ၂၀၉၉ဦးအထိရှိလာ

ကဘူးလ် စက်တင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်များ ၂၀၀၁ ခုနှစ်မှစပြီး ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် သေဆုံးမှုများ တိုးလာလျက်ရှိသည်။

ထိုသို့ သေဆုံးလျက်ရှိရာတွင် စက်တင်ဘာ ၂၂ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၂၈၉ဦး၊ ဗြိတိသျှတပ်ဖွဲ့ဝင် ၃၃၇ဦး၊ ကနေဒါ ၁၅၂ဦး၊ ပြင်သစ် ၄၉ဦး၊ ဂျာမနီ ၄၃ဦး၊ ဒိန်းမတ် ၃၆ဦး၊ စပိန် ၃၀၊ အီတလီ ၂၉ဦး၊ နယ်သာလန် ၂၄ဦးနှင့် အခြားတပ်ဖွဲ့ ဝင် ၁၁၀ စုစုပေါင်း ၂၀၉၉ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း နေတိုးတပ်ဖွဲ့မှထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

**(အပေါ်ပုံ) အမ်အင်န်အေ၊ရိုက်တာ**

## အာဖဂန်နယ်စပ်မှ ဝင်ရောက်လာသည့် ဗြိတိန်နိုင်ငံသား ဖမ်းဆီးခံရ

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၂

အာဖဂန်နစ္စတန်နှင့် ထိစပ်နေသော ပါကစ္စတန်နိုင်ငံနယ်စပ် လန်ဒီကိုတယ်အရပ်၌ တရားမဝင်ခိုးဝင်လာသည့် ဗြိတိန်နိုင်ငံသားတစ်ဦးအား ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၁ရက်၌ ဖမ်းဆီးလိုက်ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

နီကိုလပ်ပင် အမည်ရှိ ဗြိတိန်နိုင်ငံသားမှာ ပါကစ္စတန်နိုင်ငံ ခိုင်ဘာဒေသရှိ လန်ဒီကိုတယ်အရပ်ကို ဖြတ်ကျော်ဝင်ရောက်လာစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၎င်းဗြိတိန်နိုင်ငံသားသည် ပြည်ဝင်ခွင့်အတွက် စာရွက်စာတမ်း အထောက်အထားများ မပါရှိကြောင်း၊ ထို့ကြောင့် ဖမ်းဆီးခြင်းဖြစ်ကြောင်း ပါကစ္စတန်နေ့စဉ်ထုတ် သတင်းစာဒွန်းက ဖော်ပြသည်။

ဖမ်းဆီးထားသည့် ဗြိတိန်နိုင်ငံသားကို ဖရွန်တီယာပြည်နယ် ပက်ရှ်ဝါမြို့ အကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးလိုက်ကြောင်း၊ စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

## ကယ်ကွတ်မြို့ပြင်၌ လမ်းဘေးဗုံးပေါက်ကွဲ အီရတ်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

အီရတ်နိုင်ငံ မြောက်ပိုင်း၌ စက်တင်ဘာ ၂၁ရက်က လမ်းဘေးထောင် ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ပစ်မှတ်ထား**

အဆိုပါ လမ်းဘေးဗုံးတိုက်ခိုက်မှုသည် စက်တင်ဘာ ၂၁ရက်က ကယ်ကွတ်မြို့ အပြင်ဘက်၌ ကင်းလှည့်နေသော အီရတ်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ယာပုံ)**

**ပြုလုပ်**

ကယ်ကွတ်မြို့သည် ရေနံထွက်ရှိရာ အဓိကမြို့ကြီး တစ်မြို့ ဖြစ်သည်။ ရေနံချက်စက်ရုံနှင့် ရေနံပိုက်လိုင်းများ အများအပြားရှိရာ မြို့လည်းဖြစ် သည်။ ယင်းဒေသတွင် ကာ့ဒ်၊ အာရပ်နှင့် တာကိုမင် အုပ်စုကြီးသုံးခုရှိပြီး မကြာခဏ အကြမ်းဖက် တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်းသိရသည်။ ကယ်ကွတ်မြို့သည် ဘဂ္ဂဒက်မြို့ မြောက်ဘက် မိုင် ၁၈၀အကွာတွင် တည်ရှိသည်။

**(အင်တာနက်)**



## ခို့စ်ပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲ

ခို့စ် စက်တင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့စ်ပြည်နယ်တွင် စက်တင်ဘာ ၂၁ရက်က အာဖဂန်နစ္စတန် တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်မှာ လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ပျက်စီးသွားပြီး အာဖဂန်တပ်ဖွဲ့ဝင် လေးဦး ဒဏ်ရာရရှိသွားကြောင်းနှင့် ခို့စ်ပြည်နယ် မူဆာစီးခရိုင်၌ စက်တင်ဘာ ၂၁ရက်က လက်နက်ကိုင်များ ထောင်ထားသည့် မိုင်းဗုံးကို အာဖဂန်နစ္စတန် တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်က နင်းမိပေါက်ကွဲသဖြင့် တပ်ဖွဲ့ဝင် လေးဦး ဒဏ်ရာရရှိ သွားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၇)တွင် Political Times အထူးအချပ်ပိုအပါအဝင် ရွေးကောက်ပွဲနှင့် တစ်သီးပုဂ္ဂလများ၏ အခန်းကဏ္ဍ နိုင်ငံရေးသုံးသပ် မျက်နှာဖုံးဆောင်းပါး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ လင်းခေးမြို့နယ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးစိုင်းလှကျော် (ပါတီအတွင်းရေးမှူး)နှင့် တွေ့ဆုံခြင်း အပါအဝင် ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဒီမိုကရေစီအင်အားတစ်ရပ်ဖြစ်ထွန်းရန် တစ်သီးပုဂ္ဂလအဖွဲ့နှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ)တို့ မဟာမိတ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းထုတ်ပြန်၊ အမည်ပယ်ဖျက်ခံရသည့် ကိုယ်စားလှယ်လောင်းများ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အယူခံဝင်နိုင်မည်ဟုဆို၊ ဆရာကြီးမောင်စူးစမ်းရေးသားသည့် အစိုးရကောင်းနှင့် အတိုက်အခံကောင်း၊ ဒေါက်တာနေဇင်လတ်ရေးသားသည့် နိုင်ငံတစ်ခု အသွင်ကူးပြောင်းခြင်း (၂)၊ ဆရာမောင်သာနုရေးသားသည့် ကောင်းမွန်သောဂုဏ်ဒြပ်နှင့် ပြည့်စုံသောအစိုးရကို မျှော်လင့်သည် စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ပုဂ္ဂလိကဘဏ်သစ်ကြီးနှစ်ခု ပထမဆုံးဘဏ်ခွဲများ ရန်ကုန်တွင် စတင်ဖွင့်လှစ်၊ မြန်မာကိုဖြတ်၍ တရုတ်-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုပြုလုပ်ရန် အဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေး မြန်မာဘက်မှ သဘောတူပြီး၊ အာဆီယံစံချိန်အတိုင်း ကုန်တင်ဆောင်ရန် အသိပညာပေးသည်ကို အကြောင်းပြကာ ကုန်သည်အချို့ ကုန်ဈေးနှုန်းတက်ရန် တာစူနေ၊ ဒီမိုကရေစီနိုင်ငံဖြစ်လာချိန်တွင် လူတန်းစားအလိုက် အသင်းအဖွဲ့များ ပေါ်ပေါက်လာနိုင်၍ ကန်ထရိုက်နှင့်အလုပ်သမားများအကြား အခက်အခဲပြဿနာများ ကြုံတွေ့နိုင်ရာ ဂရုပြုရန် လိုအပ်ဟုဆို၊ ပို့ကုန်ဝင်ငွေတန်ဖိုး မတည်ငြိမ်မှုကြောင့် ပြည်ပပို့ အစိုးရတရားဝင်ငါးဈေးနှုန်းကို လာမည့်လမှစတင်၍ ရှစ်ရာခိုင်နှုန်းအထိ လျှော့ချမည်၊ နိုင်ငံခြားငွေဈေး ပြန်လည်ဦးမော့လာခြင်းကြောင့် ရွှေဈေး တစ်ပတ်အတွင်း တစ်ကျပ်သား ကျပ်နှစ်သောင်းအထိမြင့်လာ၊ ခင်လေးနွယ်နှင့်လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယန်းငွေဈေး ဆက်တိုက်မြင့်မားနေမှုကြောင့် ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်ရေး ဂျပန်ကုမ္ပဏီများ၏ ထုတ်ကုန်များကို ပင်လယ်ရပ်ခြားတွင် ထုတ်လုပ်လာကြ၊ ပါတီအသစ်တစ်ရပ်တည်ထောင်ပြီး ၂၀၁၃ ရွေးကောက်ပွဲတွင် မူရှာရက်ဖ် ဝင်ရောက်အရွေးခံမည်၊ ဒေါ်လာငွေမတည်ငြိမ်မှုကြောင့် ရွှေဘက်လှည့်နေကြစဉ်ကာလအတွင်း IMF သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒဏ္ဍားဗဟိုဘဏ်သို့ ရွှေဆယ်တန်ထုတ်ရောင်း၊ မလေးရှားအလှကုန်ပစ္စည်းသန်းကြွယ်သူဌေးမ ကျေးလက်ကြက်မွေးမြူရေးခြံတစ်ခြံတွင် အသတ်ခံရ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

**(သတင်းစဉ်)**





# စစ်မှုထမ်းဟောင်း အိမ်ရာတည်ဆောက်ပြီးစီးမှု တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းက လှည်းကူးမြို့ အမှတ်(၃) စစ်မှုထမ်းဟောင်းကျေးရွာ(သပိတ်ကုန်း)၌ အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြား သင်ယူနေမှုအခြေအနေနှင့် စာသင်ဆောင် တိုးချဲ့ဆောက်လုပ်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်တိုင်းစစ်ဌာနချုပ်က စိုက်ပျိုးထားသော မင်္ဂလာဒုံမြို့နယ် ဘားလားဒေသ(၁) စပါးစိုက်ခင်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# မိုက်ဟုန်းတံတားသစ်ဖွင့်ပွဲ မောက်မယ်၌ ကျင်းပ

**မောက်မယ် စက်တင်ဘာ ၂၂**

လင်းခေးခရိုင် မောက်မယ်မြို့နယ် မိုက်ဟုန်း ရပ်ကွက်ရှိအရှည် ပေ ၁၃၀ အကျယ်၁၂ပေရှိ တံတားသစ်ဖွင့်ပွဲကို စက်တင်ဘာ ၆ရက် နံနက် ၆နာရီက ကျင်းပရာ တံတားသစ်ကို နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးဇော်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအုန်းသွင် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(အောက်ဝဲပုံ)**

**တက်ရောက်**

အဆိုပါ အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၂၀၁)





# မြဝတီခရိုင်ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မြဝတီ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ရက်က မြဝတီမြို့မအားကစားကွင်း၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အသင်းအုပ်ချုပ်သူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**ဆုဖလားချီးမြှင့်**

ဆက်လက်၍ ဗိုလ်လုပွဲကျင်းပရာ ဗိုလ်စွဲခဲ့သောအသင်းအား ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ဆုကြေးငွေနှင့် ဆုဖလားကို ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)** (၁၀၁)

# ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် Domino Club (မန္တလေး)တို့ ပူးပေါင်းကျင်းပမည့် ဒသမအကြိမ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့ လမ်း ၈၀၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ Domino Club ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ထိုပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်းနှင့် ဘိလိယက်အသင်းအလိုက်ပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းနှင့် စနူကာအသင်းအလိုက်ပြိုင်ပွဲများ ပါဝင်မည့်အပြင် ပြိုင်ပွဲတစ်ခုစီအတွက် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်းနှင့် တတိယဆု ငွေကျပ် တစ်သိန်းနှင့် တွဲဖက်၍ ဆုတံဆိပ်များ ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်ရောက်လိုသော အားကစားအဖွဲ့အသီးသီးသည် သက်ဆိုင်ရာအားကစားနှင့် ကာယပညာဦးစီးဌာနမှတစ်ဆင့် စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဖုန်း- ၃၇၅၁၀၄ နှင့် အတွင်းရေးမှူး ဖုန်း- ၀၉-၅၀-၀၃၆၀၉ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်)**



# ဖိနပ်အရောင်းပြခန်းသစ် ဖွင့်လှစ်ရောင်းချ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် လမ်းသစ်လမ်းထောင့်ရှိ Junction Maw Tin Center ဒုတိယထပ်တွင် Wai De Footwear ဆိုင်သစ်ကို ထပ်မံဖွင့်လှစ်ပြီး တစ်မူထူးခြားသော အမျိုးသား၊ အမျိုးသမီးနှင့် ကလေးစီး နိုင်ငံခြားဖြစ် ဖိနပ်များကို Brand အစုံ၊ နောက်ဆုံးပေါ် ဒီဇိုင်းအစုံ၊ အရောင်အသွေးစုံ ပြသရောင်းချလျက်ရှိသည်။

**(ယာပုံ)**

Wai De Footwear ဆိုင်ခွဲသစ်တွင် Singapore နိုင်ငံမှ တင်သွင်းသော Ki Ki , DMK အမှတ်တံဆိပ်များနှင့် ထိုင်းနိုင်ငံမှ တင်သွင်းသည့် ဖိနပ်မျိုးစုံကိုလည်း တစ်နေရာတည်း၌ ပြည့်စုံစွာ ဝယ်ယူနိုင်ရန် စီစဉ်ထားသည်။

ထိုင်းနိုင်ငံမှ တင်သွင်းသော ဖိနပ်များထဲတွင် အရည်အသွေးမြင့်၊ အရောင်အသွေးစုံလင်သော ဒီဇိုင်းစုံ Lily အမှတ်တံဆိပ်၊ အမျိုးသမီးစီးဖိနပ်များ၊ Scholl၊ Walker၊ Ferrize၊ Aerosoft၊ ADDA, Maldini အမှတ်တံဆိပ် အမျိုးမျိုးကိုလည်း သီးခြားအရောင်းပြခန်းဖြင့် ပြသရောင်းချလျက်ရှိသည်။

**ရွေးချယ်ဝယ်ယူ**

Wai De Footwear မှ အမျိုးသား၊ အမျိုးသမီး၊ ကလေးစီး နိုင်ငံခြားဖြစ် ဖိနပ် အရောင်အသွေးစုံ ၊ ဒီဇိုင်းစုံကို Junction Maw Tin Center ပထမထပ် ဆိုင်ခန်းအမှတ်၂၂၉၊ ဖုန်း-၀၁-၂၁၈၂၅၂ လိုင်းခွဲ-၁၂၂၉၊ ၁၂၃၅ နှင့် ၁၂၃၆ တို့တွင် စိတ်ကြိုက် ရွေးချယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# ကျောက်ချောခင်း

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ပွဲစားတန်းလမ်းသွယ်(၂) သနပ်ပင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးရဲနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဆွေဆွေလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

* *ကျောဖုံးမှ*

### ခရီးနှင်

ပြီးခဲ့သည့် မတ်လအတွင်းက ကယားပြည်နယ် လွိုင်ကော်မြို့နယ် လောပိတကျေးရွာသို့ သွားရောက်စဉ် နောင်တရားမြို့ကလေးကို ခရီးတစ်ထောက် ဝင်ရောက် လေ့လာဖြစ်ခဲ့သည်။ လွိုင်ကော်မှ နေပြည်တော်သို့ အပြန်ခရီးတွင် နေပြည်တော်-ပင်လောင်းလမ်းအတိုင်း သွားမည်ဆိုပါက အမြန်ဆုံး ခရီးပေါက်နိုင်သော်လည်း နောင်တရားမြို့ကလေးကို ထပ်မံဝင်ရောက်လေ့လာလိုသော ဆန္ဒကြောင့် ပင်လောင်း-အောင်ပန်းလမ်းအတိုင်းသာ ခရီးနှင်ခဲ့ရလေသည်။

နောင်တရားမြို့သည် မြင့်မားသော တောင်တန်းများ ဝန်းရံလျက်ရှိသော မြေပြန့်လွင်ပြင်ဒေသ တစ်ခုဖြစ်ပြီး တောင်ဘက်တွင်မြင့်၍ မြောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ နောင်တရားမြို့၏ အမြင့်ဆုံးနေရာဖြစ်သော လွယ်မောတောင်သည် အမြင့်ပေ ၅၉၂၀ဖြစ်ပြီး အနိမ့်ဆုံးနေရာဖြစ်သော မွေးပြင်ကျေးရွာသည် အမြင့်ပေ ၁၉၂၀ ဖြစ်သည်။

### စတင်ဖွင့်လှစ်

နောင်တရားမြို့သည် ရှေးယခင်က ရွာကြီးတစ်ရွာဖြစ်ခဲ့ပြီး ပအိုဝ်းဘာသာဖြင့် အင်းချောင်းပေါ်တွင် တည်ရှိသောရွာဟု အဆိုရှိသည်။ နောင်တရားမြို့ကို ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၁၂ခုဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ စုစုပေါင်း ၆၂၆၄၆ဦး ၁၃-၁၁-၂၀၀၉ စာရင်းအရ နေထိုင်ကြသည်။ မြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများကို ၁၀-၄-၂၀၀၃ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြသည်။

နောင်တရားမြို့တွင် ထင်ရှားပြီး လူစည်ကားသောနေရာများမှာ နန်းပုလင်းကျေးရွာအုပ်စုရှိ လွယ်ရိုးစေတီတော်နှင့် လွယ်ကောင်းစေတီတော်၊ အမှတ်(၃) ရပ်ကွက်ရှိ ပရိယတ္တိစာသင်တိုက်တို့ဖြစ်ကြသည်။ နောင်တရားမြို့ တီကျစ်ကျေးရွာအုပ်စုတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ရှိသည်။ နောင်တရားဈေးကဲ့သို့ပင် တီကျစ်ဈေးသည်လည်း ဒေသခံတိုင်းရင်းသားများ ဈေးရောင်း ဈေးဝယ်ပြုလုပ်ရာ စည်ကားသော နေရာတစ်ခုဖြစ်သည်။ နောင်တရားမြို့ တီကျစ်ကျေးရွာအုပ်စုနှင့် ဘုရားဖြူကျေးရွာအုပ်စုတို့တွင် ကျောက်မီးသွေးကြောများရှိ၍ ရှမ်းရိုးမနဂါးကုမ္ပဏီက တူးဖော်ပြီး တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ပေးသွင်းလျက်ရှိသည်။

### တည်ရှိ

နောင်တရားမြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးခရိုင် ပင်လောင်းမြို့နယ်အတွင်း၌ပါဝင်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၇၀၀တွင် တည်ရှိသည်။ နောင်တရားမြို့တွင် အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်း(ခွဲ) နှစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၄ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၆၆ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ထို့အပြင် ကျေးလက်ကျန်းမာရေးဌာနနှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ငါးခုရှိသည်။

### အသုံးပြု

နောင်တရားမြို့တွင် (တီကျစ်စံပြရွာအပါအဝင်) စာတိုက်စခန်းနှစ်ခု၊ ကြေးနန်းရုံးတစ်ခုရှိပြီး အော်တိုတယ်လီဖုန်း ၁၃၁လုံး၊ လက်လှည့်တယ်လီဖုန်း ၁၁၁လုံး တပ်ဆင်အသုံးပြုလျက်ရှိသည်။ မြို့ချင်းဆက်လမ်းများအဖြစ် နောင်တရား-ပင်လောင်းလမ်း (ကတ္တရာလမ်း) ၁၃မိုင်၊ နောင်တရား-အောင်ပန်းလမ်း (ကတ္တရာလမ်း) ၂၉ မိုင်၊ နောင်တရား - ကျောက်တလုံးလမ်း (ကျောက်ချောလမ်း) ၃၆မိုင် တို့ဖြစ်သည်။

### လေ့လာ

နောင်တရားမြို့၌ ရောက်ရှိလေ့လာဖြစ်ခဲ့ချိန်မှာ မတ်လဆန်းဖြစ်၍ ကြက်သွန်ဖြူများပေါ်ခါစအချိန်ဖြစ်သည်။ နောင်တရားမြို့ နောင်တောကျေးရွာ အောင်ပန်း-နောင်တရားလမ်းဘေးရှိ ကြက်သွန်ဖြူစိုက်ခင်း၌ ကြက်သွန်ဖြူ နုတ်နေမှုကိုလည်း လေ့လာဖြစ်ခဲ့သည်။

နောင်တောကျေးရွာမှ ကြက်သွန်ဖြူစိုက်ပျိုးသူ အသက် ၂၄နှစ်အရွယ် မခင်ထွေးရီမှာ ရှမ်းလူမျိုးဖြစ်သည်။ မခင်ထွေးရီအား ကြက်သွန်ဖြူပေါက်ဈေးနှုန်းကို မေးမြန်းကြည့်ရာ "ကြက်သွန်ဖြူ အစိုအကြီးက တစ်ပိဿာ ငွေကျပ် ၂၅၀၀၊ အစိုအလတ်က တစ်ပိဿာ ငွေကျပ်၁၃၅၀၊ အစိုအသေးက တစ်ပိဿာ ငွေကျပ် ၉၀၀၊ ဥတစ်လုံးက တစ်ပိဿာ ငွေကျပ် ၂၈၀၀ ဖြစ်ကြောင်း" ပြောပြသည်။

### ဈေးကောင်းရ

ကြက်သွန်ဖြူစိုက်ခင်းမှ နုတ်ပြီးခါစ နေလှန်းရက်မကြာသေးသော ကြက်သွန်ဖြူဥများကို 'အစို' ဟုခေါ်လေ့ရှိပြီး ဥအကြီးအသေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားသည်။ ဥတစ်လုံးကြက်သွန်ဖြူမှာ အခွံနွာ၍ လွယ်ကူပြီး ဟင်းချက်ပြုတ်ရာတွင် အဆင်ပြေ၍ ဈေးကောင်းရခြင်းဖြစ်သည်။

ကြက်သွန်ဖြူစိုက်ခင်းပိုင်ရှင် မခင်ထွေးရီ၏နေအိမ်(ဈေးဆိုင်)မှာ ကားလမ်းဘေး၌ပင်ရှိ၍ ကြက်သွန်ဖြူ စိုက်ခင်းကိုပင် လှမ်းမြင်နေရသည်။ ဆိုင်ရှင် မခင်ထွေးရီက ရှမ်းလက်ဖက်ခြောက်ဖြင့် နှပ်ထားသော ရေနွေးကြမ်းဖြင့် ဧည့်ဝတ်ပြုရင်း "ကြက်သွန်ဖြူလုပ်ငန်းကို အဘွားလက်ထက်ကတည်းက လုပ်လာတာပါ။ ကိုယ်တိုင်လည်း စိုက်သလို တောင်သူတွေဆီကလည်း ဝယ်ပါတယ်။ ကြက်သွန်ဖြူများများရပြီဆိုရင် အောင်ပန်းကို သွားရောင်းရတယ်။ အောင်ပန်းမှာ ကြက်သွန်ဖြူပွဲရုံတွေရှိတယ်။ ကြက်သွန်ဖြူကို တန်ဆောင်မုန်းလမှာ စတင်စိုက်ပျိုးပြီး တပေါင်း၊ တန်ခူးဆိုရင်ပေါ်ပါတယ်။ ဒီနှစ် ကြက်သွန်ဖြူဈေးကောင်းလို့ တောင်သူတွေ တွက်ခြေကိုက်ကြတယ်။ ဈေးအတက်အကျက တစ်နှစ်နဲ့ တစ်နှစ် ပုံမှန်မရှိပါဘူး။ ကြက်သွန်ဖြူတုံးရင် မြေပဲတို့၊ ပဲပုပ်တို့ စိုက်ပါတယ်" ဟု ပြောကြားသည်။



နောင်တရားမြို့၌ ပျားလိမ္မော်ပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကို ဤသို့ တွေ့ရသည်။

### လွိုင်ကော်မြို့

လွိုင်ကော်မြို့သို့ အသွားခရီးတွင် နောင်တရားမြို့အထိလိုက်ပို့သော တီကျစ်ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းလွင်၊ တီကျစ်အထိ လာကြိုသော ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လက်ထောက်အင်ဂျင်နီယာ ဦးစန်းယုမော်၊ နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ ရုံးအုပ်ကြီး ဦးစိုင်းအောင်တင့်တို့နှင့်အတူ နောင်တရားမြို့အတွင်း မြို့လမ်းဆုံ၊ ကျောက်တစ်လုံးလမ်းခွဲ၊ လိမ္မော်ခြံနှင့် သက်တမ်း ၂၅နှစ်ရှိပြီဖြစ်သော ပရိယတ္တိစာသင်တိုက်ကြီးတို့ကို လှည့်လည်ကြည့်ရှုလေ့လာဖြစ်ခဲ့သည်။

### လူကြိုက်များ

နောင်တရားမြို့ကွက်ကို ပရိယတ္တိစာသင်တိုက်ကြီးတည်ရှိရာ တောင်ကုန်းထက်မှစီး၍ ကြည့်သောအခါ အစီအရီဆောက်ထားသော လူနေအိမ်များသည် မြို့ပြစည်ပင်ဖွံ့ဖြိုးမှုသရုပ်ကို ထင်ဟပ်လျက်ရှိပေသည်။ နောင်တရားမြို့၏ လယ်မြေများသည် မြေဆီမြေသြဇာ ကောင်းမွန်ပြီး ရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံများကို သီးထပ်စိုက်ပျိုးနိုင်၍ စီးပွားရေးကောင်းမွန်ကြသည်။ နောင်တရားမြို့၏ အဓိကထွက်ကုန်ဖြစ်သည့် အာလူးနှင့် ကြက်သွန်ဖြူမှာ အရည်အသွေးကောင်းမွန်၍ နာမည်ရပြီး လူကြိုက်များကြောင်း သိရသည်။

နောင်တရား မြို့ကလေးသည် အောင်ပန်း - ပင်လောင်းလမ်းပေါ်တွင် တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေးအရ အချက်အချာကျသည်။ လွိုင်ကော်မြို့အထိ ကားလမ်းပေါက်သော်လည်း နောင်တရားမြို့နှင့် လွိုင်ကော်မြို့မှာ ၆၁မိုင်ကွာဝေး၍ အောင်ပန်းမြို့နှင့်သာ စီးပွားကုန်သွယ်မှုပိုများသည်။ နောင်တရားမြို့မှ ကလောမြို့၊ အောင်ပန်းမြို့နှင့် တောင်ကြီးမြို့များသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည်။ နောင်တရားမြို့မှ မန္တလေးမြို့နှင့် နေပြည်တော်တို့သို့လည်း ပျော်ဘွယ် ဘုရားငါးဆူလမ်းမှတစ်ဆင့် အချိန်တိုအတွင်း ခရီးပေါက်နေပြီဖြစ်သည်။



နောင်တရားမြို့ မြို့တွင်းလမ်းနှင့် လူနေအိမ်များကို တွေ့ရစဉ်။



နောင်တရားမြို့ နောင်တောကျေးရွာမှ ကြက်သွန်ဖြူစိုက်ပျိုးသူ မခင်ထွေးရီက ကြက်သွန်ဖြူပေါက်ဈေးနှုန်းအကြောင်း ပြောပြစဉ်။

### ပြောကြား

နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ရုံးအုပ်ကြီး ဦးစိုင်းအောင်တင့်က "ဒေသရဲ့ အဓိကစီးပွားရေးလုပ်ငန်းကတော့ စိုက်ပျိုးရေးပါ။ အဓိကစိုက်တာကတော့ အာလူးနဲ့ ကြက်သွန်ဖြူပေါ့။ နှစ်ရှည်သီးနှံအနေနဲ့ လက်ဖက်၊ သစ်တော်၊ လိမ္မော်တို့ စိုက်ကြပါတယ်။ စက်ရုံ၊ အလုပ်ရုံ ကြီးကြီးမားမားမရှိဘဲ ဆန်စက်၊ ဆီစက်နှင့် ကျေးရွာမီးလင်းရေး ပုဂ္ဂလိကအသေးစား ရေအားလျှပ်စစ်စက်ရုံလောက်ပဲ ရှိပါတယ်" ဟု ပြောကြားသည်။

### လှည့်လည်ကြည့်ရှု

လွိုင်ကော်မြို့မှ နေပြည်တော်သို့ အပြန်ခရီးတွင် ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဒုတိယစက်ရုံမှူး [ယခုဘီလူးချောင်း အမှတ် (၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စက်ရုံမှူး] ဦးမြတ်စိုးကျော်နှင့်အတူ နောင်တရားမြို့ကလေးကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာဖြစ်ခဲ့သည်။

### နှုတ်ဆက်

ခရီးဆက်ရန်ပြင်သောအခါ နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ရုံးအုပ်ကြီး ဦးစိုင်းအောင်တင့်က ရုံးပေါက်ဝအထိလိုက်ပို့ကာ မော်တော်ယာဉ်မထွက်မီ "ကျွန်တော်တို့ မြို့ကလေးအကြောင်းကို စောင့်ဖတ်နေမယ်နော်" ဟု ပြောရင်း နှုတ်ဆက်ပါသည်။

### သွားရောက်လေ့လာ

အောင်ပန်းနှင့် ပင်လောင်းကြားက တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးစည်ပင်လျက်ရှိသည့် နေချင့်စဖွယ် နောင်တရားမြို့ကလေးသို့ အခါအခွင့်သင့်လျှင် ဖြင့် သွားရောက် လေ့လာချင်ပါသေးသည်။ ။

## ဇန်းမော်၌ ရေဝတီမြစ်အတွင်းငါးမျိုးစိုက်ထည့်

ဇန်းမော် စက်တင်ဘာ ၂၂

ဇန်းမော်ခရိုင်ငါးလုပ်ငန်းဦးစီး ဌာနမှ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး စုစုပေါင်းကောင်ရေငါးသိန်းအား ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၅ရက် နံနက် ၈ နာရီက ရှပ်ပြေးရေယာဉ်ဆိပ်ကမ်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအယ်တူးရိန်လ်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ညွှန့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညွန့်မေနှင့်ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်နှင့် ဝန်ထမ်းများနှင့် အင်းသားကြီးများ တက်ရောက်ပြီး ငါးမျိုးများစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(ဝဲပုံ) (ငါးလုပ်ငန်းဦးစီးဌာန)



သစ်တောသစ်ပင်
ဒီချိန်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး



## တံတားတည်ဆောက်

လှိုင်သာယာ-တွံတေး-မအူပင် ဖြတ်လမ်းအသစ်ပေါ်ရှိ အရှည်ပေ ၉၀၊ အကျယ် ၁၄ပေ၊ အမြင့် ၁၅ပေရှိ တကလှဲ့ချောင်းတံတား တည်ဆောက်နေမှုကို စက်တင်ဘာ ၉ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာများ ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်စည်ပင်)



# တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇေ ကွမ်းလုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇေသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၇ရက်က ဟိုပန်မြို့နယ် ပန်လုံကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ (ဓာတ်ပုံ)

**လှည့်လည်ကြည့်ရှု**

ထိုမှတစ်ဆင့် ဟိုပန်-မန်မိန်းဟုန်း-ပန်လုံလမ်း လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဟိုပန်မြို့ ပြည်သူ့ဆေးရုံ အဆောက်အအုံသစ် တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ကွမ်းလုံတပ်နယ်ခန်းမသို့ရောက်ရှိပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ ရဲမေမိသားစုများနှင့် တွေ့ဆုံ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၉-၂၀၁၀ (ကြာသပတေးနေ့)
၁၃၇၂ခုနှစ်၊ တော်သလင်းလပြည့်နေ့
(ဥပုသ်နေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဘဒ္ဒန္တကေတု (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဟောကြားတော်မူအပ်သော ဂရုဓမ္မအခါတော်နေ့ တရားတော်
- ၈:၀၅ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၈:၁၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၂၅ ၆။ အကပဒေသာ
- ၈:၃၅ ၇။ International News
- ၈:၄၀ ၈။ Islands Of Dhamma
- ၈:၄၅ ၉။ ဘဒ္ဒန္တသုဓမ္မာစာရ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မိုးကောင်းကျောင်းတိုက် ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း။
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၃၅ ၅။ အမှတ်(၃) အခြေခံပညာဦးစီးဌာန သတ္တမအကြိမ် ပဌာန်းဒေသနာရွတ်ဆိုပူဇော်ပွဲ (ပထမဆု) အထက-၁ (ဒဂုံ)
- ၅:၀၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၅:၂၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၅ ၈။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) ဗုဒ္ဓပါဝစနာ
- ၅:၃၅ ၉။ လှည့်လည်ပူဇော်ပေါင်းတည်မြတ်စွယ်တော်
- ၅:၄၅ ၁၀။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် (ရှန်ဂရီလာလည်နက်ကြိုးကြာငှက်များ) (အပိုင်း-၁)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၂၄) သူရလင်း၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၃၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၃၆)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ စည်းလုံးခြင်းရဲ့ရလဒ်တွေ နန္ဒဇော၊ သရုပ်ဆောင်-စိုးရန်အောင် (တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမတွဲ) (အပိုင်း-၂၃)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၈၀)
- ၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရုပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၃။ အစီအစဉ်ပြီး၏။

## တစ်ချက်တည်း ကျင်းဝင်

ဗန်းမော် စက်တင်ဘာ ၂၂

ဗန်းမော်မြို့ ဗလမင်းထင် ဂေါက်ကလပ်ကွင်း၌ ဗိုလ်ကြီးဖြိုးသီဟကျော်၊ ဗိုလ်မှူးစောမောင်ဦး၊ ဗိုလ်ကြီးဆန်းကျော်၊ ဗိုလ်ကြီးအောင်သူတို့ ဂေါက်ရိုက်ကစားစဉ် ၁၃၇ကိုက် အကွာအဝေးရှိသော အမှတ် (၈)ကျင်း၌ ဗိုလ်ကြီးဖြိုးသီဟကျော်က Mizano Iron No,8 တုတ်ဖြင့် Titleist Pro VI-2 ဘောလုံးအား ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ဂေါက်သီးရိုက်အဖွဲ့)

## မသန်စွမ်းသူများ အားကစားပြိုင်ပွဲ စီးပွား/ကူးသန်း တံခွန်စိုက်ဆုဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၂

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့က ဦးစီး၍ စက်တင်ဘာ ၇ရက်မှ ၁၂ရက်အထိ ကျင်းပခဲ့သော (၂၂)ကြိမ်မြောက် မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် မသန်စွမ်းအဖွဲ့အစည်းများ ၁၃ဖွဲ့မှ မသန်စွမ်းအားကစားသမား ၃၀၂ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**တံခွန်စိုက်ဆု**

ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဘော်လီဘော (ထိုင်လျက်)၊ စစ်တုရင် (မျက်မမြင်) နှင့် ဂေါက်သီးရိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရွှေတံဆိပ် ၂၈ခု၊ ငွေတံဆိပ် ၁၅ခုနှင့် ကြေးတံဆိပ် ခြောက်ခု စုစုပေါင်းဆုတံဆိပ် ၄၉ခု ရရှိပြီး တံခွန်စိုက်ဆု ဆွတ်ခူးရရှိသည်။

ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ရက် မွန်းတည့် ၁၂နာရီက တပ်မတော်ဂေါက်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးငွေနိုင်က တံခွန်စိုက် ဒိုင်းဆုကိုပေးအပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။ (ယာပုံ) (သတင်းစဉ်)



## အမျိုးသား(လူငယ်) ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဘော်လီဘောအသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ထိုင်းနိုင်ငံ Ratchaburi မြို့၌ကျင်းပမည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား (လူငယ်) ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဘော်လီဘော အမျိုးသား (လူငယ်)အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။**

(ဘော်လီဘောအဖွဲ့ချုပ်)

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၁၀ခုနှစ် စက်တင်ဘာ ၂၄ရက်မှစတင်၍ ထိုင်းနိုင်ငံ Ratchaburi မြို့၌ကျင်းပမည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား(လူငယ်) ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် ဘော်လီဘော အမျိုးသား(လူငယ်) အသင်းသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**နည်းပြဆရာများ**

မြန်မာ့လက်ရွေးစင်ဘော်လီဘော အမျိုးသား(လူငယ်)အသင်းတွင် နည်းပြဆရာများအဖြစ် ဦးသိန်းဆွေ၊ ဦးတင့်ဝေနှင့် ဦးမောင်ဇော်၊ ဒိုင်လူကြီးအဖြစ် ဦးအောင်နိုင်ထွန်း၊ လက်ရွေးစင်များအဖြစ် အောင်သန်းစိုး၊ ရန်လင်းအောင်၊ ရန်မျိုးအောင်၊ ဇော်မျိုး၊ အောင်ကျော်ထွန်း၊ အောင်စိုးမင်း၊ နေလင်းအောင်၊ အောင်သူ၊ ဘသိန်းတင်၊ ဇင်ဝိုင်းအောင်၊ ဒိုမေးနီကိုနှင့် ကျော်ခိုင်စိုးတို့ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ *ကျော်ဖုံးမှ*

***အသုံးပြုမည်***

*နောက်ဆုံးပေါ်နည်းပညာများဖြင့် ပြုလုပ်ထားသော နေရောင်ခံ ဆိုလာပြားများကို အသုံးပြုမည်ဖြစ်ပြီး ထိုဆိုလာပြားများသည် နေအလင်းရောင်မှ ရရှိသည့် စွမ်းအင်များကို သိုမှီးနိုင်သည့်အပြင် စွမ်းအင်ကိုလည်း ပိုမိုထုတ်လွှတ်နိုင်မည်ဖြစ်သည်။*

***ပြောကြား***

*မယ်လီဆိုလာဥယျာဉ်ကို လာမည့် ၂၀၁၅ခုနှစ်၌ တည်ဆောက်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချသွားရန် အခြား ဆိုလာစခန်းများကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဟု ဩစတြေးလျဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ။ (အင်တာနက်)*



## AFC President's Cup 2010 ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

စက်တင်ဘာ ၂၄ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏလူငယ်အားကစား လေ့ကျင့်ရေးစခန်းကွင်းတွင် ကျင်းပမည့် AFC President's Cup 2010 ဘောလုံးပြိုင်ပွဲနှင့်ပတ်သက်သည့် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ စက်တင်ဘာ ၂၃ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်(၂)အဖြစ် စက်တင်ဘာ ၂၄ရက် ညနေ ၃နာရီခွဲတွင် သုဝဏ္ဏလူငယ် အားကစားလေ့ကျင့်ရေးကွင်း၌ တာဂျစ်ကစ္စတန်ကလပ် F.C Vakhsh အသင်းနှင့် မြန်မာနေရှင်နယ်လိဂ် ချန်ပီယံ ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဆီမီးပွဲစဉ်(၁)အဖြစ် ယင်းနေ့ည ၇နာရီတွင် ကာဂျစ်ကစ္စတန်ကလပ် DorDoi Bishkek အသင်းနှင့် တာ့ခ်မင်နစ္စတန်ကလပ် ITTU အသင်းတို့ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၆ရက် ညနေ၃နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

(အား/ကာ)

## မူးယစ်ဆေးတရားခံ ရုပ်ရှင်မင်းသမီး ပဲရစ်ဟီးလ်တန် ဂျပန်နိုင်ငံ နာရီတာလေဆိပ်မှ ပြည်ဝင်မခံ

သတင်းမှတ်စု - မြင့်မောင်စိုး

နာရီတာ(ဂျပန်) စက်တင်ဘာ ၂၂

**ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး ပဲရစ်ဟီးလ်တန်သည် စက်တင်ဘာ ၂၂ရက်က တိုကျိုမြို့ နာရီတာလေဆိပ်မှ အဝင်မခံသဖြင့် အာရှခရီးစဉ်ကိုပယ်ဖျက်ပြီး အမေရိကန်ရှိ သူမ၏ နေအိမ်ဆီသို့ပြန်သွားခဲ့ရသည်။**

၎င်းသည် မူးယစ်ဆေးဝါး ဥပဒေချိုးဖောက်မှုကြောင့် ဂျပန်နိုင်ငံက လက်မခံဟု ဆိုသည်။ ၎င်းအား ဘောလုံးသမားဟောင်း မာရာဒိုနာကဲ့သို့ နိုင်ငံသို့ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း ဂျပန်တို့က ဆိုသည်။

**ပြန်လာမည်**

မိမိအနေဖြင့် အိမ်သို့ပြန်တော့မည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ဂျပန်သို့ ပြန်လာဦးမည်ဖြစ်ကြောင်း ကိုယ်ပိုင်ဂျက်လေယာဉ်ပေါ်မတက်မီ ၎င်းက သတင်းထောက်များအား အပြုံးဖြင့် ပြောကြားခဲ့သည်။

အသက် ၂၉နှစ်ရှိ ဟီးလ်တန်သည် လက်စ်ဗီးဂက်စ်မြို့၌ မူးယစ်ဆေးဝါး လက်ဝယ်ရှိမှုဖြင့် တရားရင်ဆိုင်ခဲ့ပြီးနောက် နှစ်ရက်အကြာ တိုကျိုမြို့အပြင်ဘက် နာရီတာလေဆိပ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

**ဝင်ခွင့်မပေး**

ဂျပန်နိုင်ငံ လေဆိပ် တာဝန်ရှိသူများက ၎င်းအား ဂျပန်မူးယစ်ဆေးဝါး ဥပဒေအရ မူးယစ်ဆေးဝါးဖြင့် တရားစွဲဆိုခံထားရသူအား နိုင်ငံသို့ ဝင်ခွင့်မပေးဟုဆိုသည်။

**တည်းခွင့်ပြု**

ဟီးလ်တန်သည် တိုကျိုမြို့တွင် ဖက်ရှင်နှင့် ကုန်ပစ္စည်း ကြော်ငြာရိုက်ကူးရန် ရောက်ရှိလာခြင်း ဖြစ်သည်။ ၎င်းသည် စက်တင်ဘာ ၂၁ရက် ညနေပိုင်းက ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ၎င်း၏ မေတ္တာရပ်ခံမှုအရ လေဆိပ်ဟိုတယ်၌ တည်းခွင့်ပြုခဲ့သည်။



ပဲရစ်ဟီးလ်တန်

**ပယ်ဖျက်**

မိမိအနေဖြင့် ပင်ပန်းနေကြောင်း ဟီးလ်တန်ကပြောသည်။ ၎င်းအနေဖြင့် မလေးရှားနှင့် အင်ဒိုနီးရှားသို့ သွားမည့် ခရီးစဉ်ကိုလည်း ပယ်ဖျက်လိုက်သည်။

ဂျပန်နိုင်ငံက ဘောလုံးသမားဟောင်း မာရာဒိုနာကိုလည်း ၂၀၀၂ ခုနှစ်က မူးယစ်ဆေးဝါးမှုဖြင့် အပြစ်ရှိသူဖြစ်၍ ကမ္ဘာ့ဖလားဘောလုံးပွဲ လာရောက်မှုကို ပိတ်ပင်ခဲ့ကြောင်း သိရသည်။

**အဖမ်းခံခဲ့ရ**

ဟီးလ်တန်သည် ဩဂုတ် ၂၈ရက်က အမေရိကန်နိုင်ငံတွင် မူးယစ်ဆေး လက်ဝယ်ရှိမှုဖြင့် အဖမ်းခံခဲ့ ရခြင်းဖြစ်သည်။

(အင်တာနက်)



# ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ဆိပ်ကမ်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

**ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် စက်တင်ဘာ ၂၀ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် အမှတ်(၃)ဗိုလ်အောင်ကျော် ဆိပ်ခံတံတားရှိ ကုန်သေတ္တာစခန်း၌ သွင်းကုန်နှင့် ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရေး အဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ သိုလှောင်ရုံအတွင်း၌ ပစ္စည်းများ စနစ်တကျထားသိုမှု၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များကို X-Ray စက်ဖြင့် ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှုနှင့် ဗိုလ်အောင်ကျော်တံတား၌ သင်္ဘောကြီး ပေါ်မှ ကုန်သေတ္တာများ တင်ချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဆူးလေအမှတ် (၅) ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော သင်္ဘောပေါ်မှ ကုန်ပစ္စည်းများ မော်တော်ယာဉ်ပေါ်သို့ တင်ချနေမှု၊ စဉ့်အိုးတန်း၊ ဘုန်းကြီးလမ်း၊ ကိုင်းတန်းလမ်း၊ မော်တင်၊ လမ်းသစ်နှင့် ဝါးတန်းလမ်း ဆိပ်ခံ တံတားများ၌ ဆိုက်ကပ်လျက်ရှိသော ခရီးသည်တင် ရေယာဉ်များ၊ ကုန်တင်ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှု၊ ကုန်များ တင်/ချ ဆောင်ရွက်နေမှု၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာများ စနစ်တကျ စီမံထားရှိမှု၊ ဆိပ်ခံတံတား၌ သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နေမှုနှင့် ရန်ကုန်မြစ် ရေလမ်းကြောင်း အခြေအနေ၊ ရေယာဉ်များခုတ်မောင်းပြေးဆွဲနေမှု၊ အေးရှားဝေါလ် ဆိပ်ခံတံတား ကုန်သိုလှောင်ရုံ၌ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများ စစ်ဆေးရေး အဖွဲ့များဖြင့် ဖွင့်ဖောက် စစ်ဆေးနေမှု၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များကို X-Ray စက်ဖြင့် ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှု၊ သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများ တင်/ချနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သွင်းကုန်ထုတ်ကုန် ပစ္စည်းများကို စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန်ချောမွေ့စေရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေး အစဉ်သတိပြု ဆောင်ရွက်သွားကြရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အောက်ပိုင်းဒေသများ ထစ်ချုန်းဖွယ်

**နေပြည်တော် စက်တင်ဘာ ၂၂**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**စက်တင်ဘာ ၂၃ ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်သာရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

**နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

**၂၀၁၀ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့**

INTERNATIONAL DAY OF OLDER PERSONS

1st October 2010

**"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"**

"TOWARDS A SOCIETY FOR ALL AGES"

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၀ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဆာအု(ဒ်)အယ်လ်ဖိုင်ဆယ်ဘင်အဗ္ဗဒူ(လ်) အဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို မြို့နယ်များရှိ ဈေးများမှ ဝယ်ယူဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓာတုပစ္စည်းများပါဝင်နေခြင်း၊ အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ ငရုတ်သီးမှုန့် အစစ်အမှန်မဟုတ်ခြင်းတို့ကြောင့် စားသုံးရန်မသင့်သော အစားအသောက်များဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများသည် ရောစပ်ထားသော အစားအသောက်၊ စံမညီအစားအသောက်များကို ထုတ်လုပ်ခြင်းမပြုရန်၊ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဓာတုဆိုးဆေးများ သုံးစွဲခြင်း မပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

**အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် |
|---|---|---|
| ၁။ | ငရုတ်ဆီ(ညို) | ရွှေပျံလွှား |
| ၂။ | ရှယ်ငရုတ်ဆီ | ကောင်းမှကောင်း |
| ၃။ | ငရုတ်ဆီ(အနီ)နှင့်ငရုတ်ဆီ(အညို) | စိန်ဟင်္သာ |
| ၄။ | ငရုတ်ဆီ | စိန်သရဖူ |
| ၅။ | ကြက်သွန်ဖြူ ငရုတ်ဆီ(အနီ)နှင့် ကြက်သွန်ဖြူ ငရုတ်ဆီ(အညို) | သရဖီပန်း |
| ၆။ | ကြက်သွန်ဖြူ ငရုတ်ဆီ | သန်းကြွယ် |
| ၇။ | ငရုတ်ဆီ(အနီ)နှင့် ငရုတ်ဆီ(အညို) | ရွှေလင်းယုန် |
| ၈။ | မန်ကျည်းငရုတ်ဆီ(အနီ)နှင့် မန်ကျည်းငရုတ်ဆီ(အညို) | မြွားနတ်မောင် |
| ၉။ | မန်ကျည်းငရုတ်ဆီ | ယုဇန |
| ၁၀။ | ငရုတ်သီးအစိမ်းမှုန့် | မင်းသူကျော် |
| ၁၁။ | ငါးပိထောင်း | နတ်သုဒ္ဓါ |
| ၁၂။ | Jelly | Well |

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Myanmar Livestock Services Ltd. ၏ ကူညီပံ့ပိုးမှုတို့ဖြင့် စက်တင်ဘာ ၂၅ရက် (စနေနေ့) မွန်းလွဲ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးအေးကျော် (MHR)က ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်စီမံခန့်ခွဲခြင်းနှင့် ဆုချီးမြှင့်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စက်တင်ဘာ ၂၂ရက်က လှိုင်မြို့နယ် အလက(၈) လှိုင်၌ ကျင်းပသော ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမ အသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အသင်းများ၏ စုဆောင်းငွေ အပေါ် အမြတ်ငွေများကို အသင်းဥက္ကဋ္ဌ လှိုင်မြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစောအောင်မြင့် ပေးအပ်စဉ်။**

(ပညာရေး)

# နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။**

**၂၀၁၀ ခုနှစ် စက်တင်ဘာလအတွက်**

**နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**

**(၂၆-၉-၂၀၁၀) ရက်နေ့**

**၂၀၁၀ ခုနှစ် အောက်တိုဘာလအတွက်**

**(၁၀-၁၀-၂၀၁၀) ရက်နေ့**

**နှင့်**

**(၃၁-၁၀-၂၀၁၀) ရက်နေ့**



# ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေထိန်းသိမ်းရေး နိုင်ငံအားလုံးပါဝင်ဆောင်ရွက်

တက္ကသိုလ်တင်လက်ျာ

*(ယမန်နေ့မှအဆက်)*

## ကျားတို့၏ ဇာတိမြေများ

ကျားသည် အာရှတိုက်ဇာတိဖြစ်သည်။ ကျားများ၏ ဘိုးဘွားမျိုးရိုးစဉ်ဆက် ကျက်စားခဲ့သည့်ဒေသများသည် အာရှတိုက်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့ ဖြစ်ကြသည်။ မြောက်လတ္တီတွဒ် ၇၀ဒီဂရီရှိ အာတိတ်ပင်လယ်ထဲမှ ကျွန်းတစ်ခုပေါ်တွင် တွေ့ရှိခဲ့သော ကျားစွယ်များမှာ ရှေးကျသော ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် ကျောက်ဂူများအတွင်း၌ တွေ့ရှိရကြောင်း သိရှိရသည်။

ကြောင်မျိုးရင်းမှ ဆင်းသက်လာသော ကျားများသည် အာရှတိုက်မြောက်ပိုင်းမှ အာရှတိုက်အလယ်ပိုင်းသို့ တဖြည်းဖြည်းရွှေ့ပြောင်းလာခဲ့ရာ စင်ကျီရိုင်းသဲကန္တာရ၊ တိဘက်ကုန်းပြင်မြင့်နှင့် မြင့်မားသော ဟိမဝန္တာတောင်တန်းများက ကာဆီးနေသဖြင့် အရှေ့ဘက်မှ မန်ချူးရီးယားသို့ လည်းကောင်း၊ အနောက်ဘက် ရုရှားနိုင်ငံရှိ တောင်တန်းများနှင့် ၎င်းတောင်တန်းဒေသတစ်ဝိုက် နယ်မြေများသို့လည်းကောင်း ဝင်ရောက်လာကြသည်။ ၎င်းကျားများသည် မန်ချူးရီးယားဒေသမှတစ်ဆင့် တဖြည်းဖြည်း အာရှတိုက်၏ အရှေ့တောင်ပိုင်းဒေသများသို့ ပြောင်းရွှေ့လာကြသည်။ ၎င်းမှတစ်ဆင့် ကျား စားကျက်ကောင်းသော မြန်မာနိုင်ငံမြောက်ဖျားဒေသများသို့ ပြောင်းရွှေ့လာကြသည်။ ၎င်းကျားသည် မြန်မာနိုင်ငံမြောက်ခြမ်းမှတစ်ဆင့် အာသံကိုဖြတ်ကာ အိန္ဒိယနိုင်ငံ မြောက်ခြမ်း တောကောင်းသော ဟိမဝန္တာတောင်တန်းများသို့လည်းကောင်း၊ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုက်ဆိုးနယ်နှင့်ယမုံနာမြစ်သို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

## ကျားအမျိုးအစားများ

ကမ္ဘာပေါ်တွင် ကျားအမျိုးအစားများ ကိုးမျိုးရှိသည်ဟု မှတ်တမ်းများအရ သိရှိခဲ့ရပါသည်။ ၎င်းတို့မှာ (၁) Bengal Tiger(*Panthera tigris tigris*)၊ (၂) Indochinese Tiger(*Panthera tigris corbetti*)၊ (၃) South China Tiger(*Panthera tigris amoyensis*)၊ (၄)Malayan Tiger (*Panthera tigris jacksoni*)၊ (၅) Sumatran Tiger(*Panthera tigris sumatrae*)၊ (၆) Amur Tiger (*Panthera tigris altaica*) နှင့် မျိုးသုဉ်းသွားသည့် ကျားအမျိုးအစားများမှာ (၇) Bali Tiger (*Panthera tigris balica*)၊ (၈) Caspian Tiger(*Panthera tigris virgata*)၊(၉) Javan Tiger(*Panthera tigris sondaica*) တို့ ဖြစ်ပါသည်

အာရှတိုက်မြောက်ခြမ်းရှိ ကျားများသည် အာရှတိုက်တောင်ဘက်ခြမ်းသို့ တဖြည်းဖြည်း ရွှေ့ပြောင်းလာသည့် ကာလရှည်ကြာလာသည်နှင့်အတူ ၎င်းတို့၏ အရွယ်အစားများ သေးငယ်လာဟန်တူပါသည်။ ရုရှားနိုင်ငံ အတ်ဆူရီ (Ussuri) ဒေသရှိ ကျားများသည် အလွန်ကြီးမား၍ ၁၃ပေခန့် ရှည်လျားသည်ဟု လေ့လာသိရှိရသည်။ မန်ချူးရီးယားဒေသရှိ ကျားအမများစုမှာ ၁၂ပေထက် ပိုရှည်ကြောင်းတွေ့ရှိရသည်။ အိန္ဒိယနိုင်ငံရှိ အကြီးဆုံးကျား၏ အရှည်သည် ၁၁ပေခန့်သာ ရှည်လျားကြောင်းတွေ့ရှိရသည်။ အိန္ဒိယနိုင်ငံရှိ ကျားအများစု၏ အရှည်သည် ခန့်မှန်းခြေ ၁၀ပေခန့်သာ ရှည်လျားသဖြင့် မြန်မာနိုင်ငံရှိ မြန်မာ့ကျားနှင့် အရွယ်တူညီမျှလောက်ရှိသည်။ ထိုမှတစ်ဖန် မြန်မာနိုင်ငံ၏တောင်ဖျား အရှေ့တောင်အာရှ ကျွန်းဆွယ်တွင်ရှိသည့် မလေးရှားကျားသည် မြန်မာနိုင်ငံရှိ ကျားထက် ပိုသေးငယ်၍ ထိုမှတစ်ဖန် မလေးရှား၏တောင်ဘက်အခြမ်း အင်ဒိုနီးရှား ကျွန်းဆွယ်ရှိ ကျားများသည် မလေးရှားရှိ ကျားများထက်ပို၍ အရွယ်သေးငယ်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံရှိ ကျားသည် ဘင်္ဂလားကျားမျိုး (*Panthera tigris tigris*)တွင် ပါဝင်သည်။

## ကျားတွေ့ရှိနိုင်သောဒေသများ

ကျားများအား ကမ္ဘာပေါ်တွင် တွေ့ရှိနိုင်သောဒေသများမှာ ရုရှားနိုင်ငံ အတ်ဆူရီနယ်ရှိ အာမူမြစ်၏အောက်ပိုင်းဒေသများ၊ တရုတ်နိုင်ငံ မန်ချူးရီးယားနှင့် ဖူကီအန်နယ်ရှိ သစ်တောထူထပ်သည့်ဒေသများ၊ အိန္ဒိယနိုင်ငံ အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများ ဖြစ်သော မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ကြသည်။ ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံတို့တွင်မူ ကျားရှိသည်ဟု သိရှိရသော်လည်း တွေ့ရခဲသည်ဟု လေ့လာသိရှိရပါသည်။ ကမ္ဘာပေါ်တွင် ကျားသတ္တဝါများအား မုဆိုးများက ဈေးကောင်းရရှိသည့်အပေါ် မူတည်ပြီး နှစ်ပေါင်းတစ်ရာကျော်မျှ တရားလွန်သတ်ဖြတ်ခဲ့ကြသဖြင့် ကျားသည် ၂၀ရာစု ကုန်လောက်၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းမည့် ရှားပါးသတ္တဝါအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မှတ်တမ်းများအရ လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော် ၁၉၀၃ ခုနှစ် မတ်လ ၂ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ အထက် ပစ္စယာ ပေ ၈၀မြင့်သော နေရာအထိ ကျားမတစ်ကောင် တက်ရောက်ခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ၎င်းအပြင် ရန်ကုန်မြို့၏မြောက်ခြမ်း ၄၁မိုင်ခန့်သာ ကွာဝေးသည့် ဂျိုးဖြူရေလှောင်ကန်မှ ပဲခူးရိုးမတောင်ဘက်တစ်ဝိုက်အထိ ကျားများ မကြာခဏရောက်ခဲ့ကြောင်း မှတ်တမ်းများအရသိရှိရသည်။ ၎င်းအပြင် ဒုတိယကမ္ဘာစစ်ဖြစ်အပြီး ကျားတစ်ကောင်သည် မင်္ဂလာဒုံ၊ ကန်တော်မင်ဒေသသို့ ဝင်ရောက်ခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရှိရသည်။

## ကျားဖြူ

ကျားဖြူများသည် သာမန် (*Panthera tigris*)များ၏ မျိုးဆက်ဖြစ်ပြီး မျိုးရိုးဗီဇ အခြေအနေကြောင့် အရောင်ဖျော့နေခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဆိုက်ဘေးရီးယားကျားများ၌လည်း ကျားဖြူမျိုးရှိကြောင်း သိရပါသည်။ ထို့ပြင် သမိုင်းမှတ်တမ်းများအရ ကျားဖြူကို အိန္ဒိယနိုင်ငံအတွင်း တွေ့ရှိခဲ့သည်။ ရေဝ(Rewa)မဟာရာဇာ၏ ပြည်နယ်များတွင် ကျားဖြူများရှိကြောင်း သိရှိရသည်။ ကျားဖြူများသည် သာမန်အရောင် အနက်အဝါကျားများထက် ပို၍လှပသည်။ ထိုကျားများကို မဟာရာဇာများမှ သိပ္ပံနည်းကျ မွေးမြူရန် အိန္ဒိယအစိုးရနှင့် သဘောတူညီချက်ရယူ၍ ဒေလီရှိ တိရစ္ဆာန်ဉယျာဉ်တို့တွင် ပြသခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ၁၉၆၅ ခုနှစ်နောက်ပိုင်း နိုင်ငံခြားတိရစ္ဆာန် ဉယျာဉ်များသို့ ရောင်းချခဲ့ကြောင်း သိရှိရသည်။

ကျားဖြူများ၏ နောက်ခံအရောင်သည် သာမန်ကျားများကဲ့သို့ အနက်အဝါရောင် မဟုတ်ဘဲ နွားနို့ရောင်ကဲ့သို့ ဖြူဖွေးသည်။ အစင်းများသည် အညိုရောင်မှ အနီအမည်းရောင် သမ်းသည်။ ကျားဖြူတို့၏မျက်စိသည် စိမ်းပြာရောင်ဖြစ်သည်။ တစ်ခါတစ်ရံ ပယင်းရောင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျားဖြူနှစ်ကောင်ကို နေပြည်တော် တိရစ္ဆာန်ဉယျာဉ်တွင် လေ့လာကြည့်ရှုနိုင်ပြီ ဖြစ်သည်။ ကျန်ကျားများကို ရန်ကုန်တိရစ္ဆာန်ဉယျာဉ်နှင့် မန္တလေးရှိ ရတနာပုံတိရစ္ဆာန်ဉယျာဉ်တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

မြန်မာနိုင်ငံတွင် တစ်ချိန်က ကျားများနေထိုင်ခဲ့သော ကချင်ပြည်နယ် ဟူးကောင်း တောင်ကြားဒေသ၊ ထမံသီဒေသနှင့် ကယားပြည်နယ်တို့တွင် မျိုးဆက်ပြုန်းလုနီးပါးရှိနေကြောင်း လေ့လာသိရှိရပါသည်။ မြန်မာပြည်မြောက်ခြမ်း ဟူးကောင်းတောင်ကြားဒေသကို ကမ္ဘာပေါ်ရှိ ကျားသတ္တဝါအများဆုံး ကျက်စားရာ ကျားထိန်းသိမ်းရေးဒေသအဖြစ် ကမ္ဘာ့ကျားထိန်းသိမ်းရေးအဖွဲ့ (Global Tiger Forum-GTF)က အသိအမှတ်ပြုထားရာ လက်ရှိ ဟူးကောင်းတောင်ကြားတစ်ဝိုက် မြန်မာနိုင်ငံရှိ ကျားအကောင်ရေမှာ ၁၅၀အောက်တွင် ရှိနေသေးကြောင်း လေ့လာသိရှိရပါသည်။

## ကျားနက်

ကျားနက်သည် ၎င်း၏ ညိုဝါရောင်အောက်ခံ ခန္ဓာကိုယ်အပေါ်၌ ထူထဲသော အနက်ရောင်အစင်းကြောင်းများ ပေါ်လွင်စွာတွေ့ရသဖြင့် ကျားနက်ဟု ခေါ်ဝေါ်ကြသည်။ ထိုကျားနက်များသည် သာမန်ကျားများထက် အရွယ်အစား သေးငယ်ပြီး တစ်ခါတစ်ရံ၌ တောကြောင်နက်များနှင့် ကျားသစ်နက်များကိုပင် ကျားနက်ဟု မှားယွင်းယူဆတတ်လေ့ရှိကြသည်။ ကျားနက်များ ယခင်က ရှိခဲ့ဖူးကြောင်းကို ၁၉၁၃ခုနှစ်၌ A.T. Hauxwell ဆိုသူသည် မြန်မာနိုင်ငံ ဗန်းမော်မြို့အနီး၌ ကျားနက်တစ်ကောင်ကို ပစ်ခတ်ခဲ့ဖူးသည့် သတင်းအား Journal of Bombay Natural History Society ၌ ဖော်ပြပါရှိခဲ့ပါသည်။

## ကျားမျိုးသုဉ်းလာရခြင်းအကြောင်းများ

ကမ္ဘာပေါ်တွင် ကျားမျိုးများ လျော့ပါးပြုန်းတီးရခြင်း အကြောင်းအရင်းများမှာ ကမ္ဘာတစ်ဝန်း သစ်တောများပြုန်းတီးလာရခြင်းကြောင့် လည်းကောင်း၊ ကျားသားရေနှင့် ကျားရိုး၊ ကျားစွယ်များသည် တရုတ်နိုင်ငံရှိ ဈေးကွက်တွင် လွန်စွာဈေးကောင်းနေသောကြောင့်လည်းကောင်း ဖြစ်ပါသည်။ ကျားရိုးနှင့် ကျားစွယ်များသည် ရှေးတရုတ်တိုင်းရင်းဆေးများ ဖော်စပ်ရာတွင် လွန်စွာအသုံးဝင်အရေးပါသော ပစ္စည်းတစ်ခုအဖြစ် မှတ်ယူထားကြသဖြင့် တရုတ်နိုင်ငံရှိ ကာမအထောက်အကူပြုအားဆေးနှင့် အခြားတိုင်းရင်းဆေးများ ဖော်စပ်ရာတွင် မရှိမဖြစ် မပါမပြီးသော အဓိကဆေးဖက်ဝင်အရာများဟု ခေတ်အဆက်ဆက်ယူဆထားသဖြင့် အာရှတိုက်အတွင်း နိုင်ငံများအလိုက် ကျားပစ်ခတ် ဖမ်းဆီးမှုများကို နည်းမျိုးစုံသုံး၍ ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါသည်။ ကျားများကို ကျားလိုက်မုဆိုးများက သေနတ်ဖြင့်လည်းကောင်း၊ တိုက်မိုင်းထောင်၍လည်းကောင်း၊ တောတွင်းထောင်ချောက်မျိုးစုံဖြင့် လည်းကောင်း၊ ဓား၊ လှံ၊ မိုန်းများဖြင့်လည်းကောင်း၊ အဆိုးဆုံးမှာ ၎င်း၏အစာအဖြစ် ကျွဲ၊ နွား၊ ဆိတ်၊ ခွေးစသည့် သတ္တဝါများတွင် ဓာတုပစ္စည်းအဆိပ်များ သုတ်လိမ်းကာ အစာချထောင်၍ ဖမ်းဆီးခဲ့ကြသဖြင့် ကျားများ အဆိပ်သင့်၍ ပိုမိုသေဆုံးခဲ့ရကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ကျားအများဆုံးရှိရာ ဒေသတစ်ခုဖြစ်သော အိန္ဒိယနိုင်ငံ၌ ရှေးခေတ်အချို့သော မဟာရာဇာများနှင့် ဗြိတိသျှလူမျိုးတို့က ကျားပစ်ခြင်းကို ပျော်ရွှင်မှု အစဉ်အလာတစ်ရပ်အဖြစ် ပြုလုပ်ခဲ့ကြသည်။ ၎င်းအပြင် ယခင်က အိန္ဒိယနိုင်ငံသို့ လာရောက် လည်ပတ်သော အခြားနိုင်ငံများမှ ဘုရင်များနှင့် နိုင်ငံအကြီးအကဲများအား ပျော်ရွှင်မှုရရှိစေဖို့ ကျားပစ်ရန် စီစဉ်ပေးကြသည်။ ကမ္ဘာပေါ်ရှိ နာမည်ကျော်ဆပ်ကပ်ပွဲများတွင် လူသားတို့ အပန်းဖြေ ပျော်ရွှင်မှုအတွက် ကျားတို့သည် ဖျော်ဖြေခံသတ္တဝါများအဖြစ် လှောင်အိမ်အတွင်း အသက်ရှင်ရပ်တည်လျက်ရှိပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ၌ ကျားပစ်ခြင်းကို တစ်ချိန်က ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ တစ်စိတ်တစ်ဒေသ ဝင်ငွေလုပ်ငန်းအဖြစ် စီစဉ်ဆောင်ရွက်ခဲ့ဖူးကြသည်။ ထို့ကြောင့် ယနေ့ကမ္ဘာတွင် ကမ္ဘာ့ကျားမျိုးရင်းတို့မှာ ကျားဦးရေ လျော့နည်းမှုများဖြစ်လာ၍ မျိုးသုဉ်းမည့်အန္တရာယ်သို့ ကျရောက်လျက် ရှိပါသည်။ သို့ဖြစ်၍ **လူသနားမှ ကျားချမ်းသာ**မည့် ခေတ်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

၎င်းအပြင် ကျားများအားပစ်ခတ်သတ်ဖြတ်မှု များပြားလာပါက တိရစ္ဆာန်များ တစ်မျိုးနှင့် တစ်မျိုးဆက်နွှယ်နေသည့် သဘာဝဘက်မျှမှု Natural Balance နှင့် ဂေဟစနစ်မျှတမှု Eco- Balance များအပေါ် ဆိုးကျိုးသက်ရောက်ကာ Eco-System ဂေဟစနစ် ပျက်ပြားသွားနိုင်ပါသည်။ ထိုအခါ တောတွင်းရှိ ဝက်၊ သမင်၊ နွားမျိုးရင်းနှင့် အခြား ကောက်ပဲသီးနှံဖျက်သတ္တဝါများ အလွန်အကျွံတိုးပွားလာနိုင်ပါသည်။ တောတွင်းနှင့် ဒေသအနှံ့ လူတို့၏ဖမ်းဆီးရောင်းဝယ်မှု ပယောဂကြောင့် မြွေသတ္တဝါများရှားပါးလာပါက ကြွက်များပေါများလာနိုင်ပြီး စိုက်ပျိုးရေး ကောက်ပဲသီးနှံများ ပျက်စီးနိုင်သလို ကျားသတ္တဝါလျော့နည်းလာပါက တောဝက်ကဲ့သို့သော အခြားသတ္တဝါများ များပြားလာပြီး စိုက်ပျိုးရေးလုပ်ငန်းရှိ တောင်သူတို့၏ ကောက်ပဲသီးနှံမျိုးစုံတို့ကို အလွန်အကျွံ ဖျက်ဆီးလာနိုင်ပါသည်။

## ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေပြန်လည်တိုးတက်ရေး

World Wildlife Fund (WWF) ရှိ ပညာရှင်များ၏ခန့်မှန်းချက်အရ ယခင်က ကမ္ဘာပေါ်တွင် ကျားကောင်ရေ တစ်သိန်းခန့်ရှိခဲ့ရာမှ လွန်ခဲ့သော ၂၀ ရာစုနှစ်အတွင်း ကျားကောင်ရေ ၃၂၀၀ခန့်သာ ကျန်ရှိတော့ကြောင်း ခန့်မှန်းထားကြပါသည်။ နိုင်ငံ ၁၃ နိုင်ငံပါဝင်သော ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေ ပြန်လည်တိုးပွားလာရေးထိန်းသိမ်းမည့် အစီအစဉ်၏ အကြိုအစည်းအဝေးတစ်ရပ်ကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ၂၀၁၀ ခုနှစ် ဇူလိုင် ၁၂ရက်နေ့မှ ၁၄ရက်နေ့အထိ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေ ပြန်လည်တိုးတက်ရေး အစီအစဉ်အတွက် အကြိုဆွေးနွေးခြင်းနှင့် မူကြမ်းရေးဆွဲရေးအတွက် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

အစည်းအဝေးသို့ မြန်မာ၊ တရုတ်၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ နီပေါ၊ ရုရှား၊ ထိုင်းနှင့်ဗီယက်နမ် စသော နိုင်ငံပေါင်း ၁၃ နိုင်ငံမှ အစိုးရတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထိုအစည်းအဝေးနှင့် ဆက်နွှယ်သော ကျားထိန်းသိမ်းရေးညီလာခံကို မကြာတော့မည့် ကာလအတွင်း ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းညီလာခံသို့ နိုင်ငံတကာသဘာဝပတ်ဝန်းကျင်နှင့် သားရဲတိရစ္ဆာန်ထိန်းသိမ်းရေး အဖွဲ့အစည်းများမှ တက်ရောက်မည် ဖြစ်ကြောင်းသိရသည်။

ထူးခြားချက်အနေနှင့် ၎င်း ကမ္ဘာ့ကျားထိန်းသိမ်းရေးညီလာခံသို့ ကမ္ဘာပေါ်ရှိ အသက် ၁၈နှစ်နှင့် ၂၅နှစ်အတွင်း လူငယ်များအစည်းအဝေးတက်ရောက်ရန် လျှောက်ထားနိုင်ကြောင်း အင်တာနက်သတင်းတစ်ရပ်အရ သိရှိရပါသည်။ အစည်းအဝေးတက်ရောက်ရမည့် လူငယ်များသည် စာရေးသူ၏ အထက်တွင်ဖော်ပြထားသကဲ့သို့ ကျားများ၏ အလေ့အကျင့်များနှင့် နေထိုင်ပုံများကို လေ့လာရမည်ဖြစ်ပြီး လူဦးရေတိုးပွားလာသော တိုင်းပြည်များတွင် ကျားကောင်ရေလျော့နည်းသွားရခြင်း အကြောင်းရင်းများကို လေ့လာဆွေးနွေးရမည်ဖြစ်ကြောင်း သိရှိရသည်။

နိဂုံးချုပ်အားဖြင့် Wildlife Conservation Society (WCS) မှ Dr.Noviar Andayani ၏ ပြောကြားချက်အရ ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေ ပြန်လည်တိုးတက်ရေး ကိစ္စရပ်မှာ ကျားနေရင်းဒေသ ၁၃နိုင်ငံဖြင့်သာ အကောင်အထည်ဖော်ရန် မဖြစ်နိုင်ကြောင်း၊ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ၏ အကူအညီကိုလည်း လိုအပ်လျက်ရှိကြောင်း၊ အထူးသဖြင့် ကျားများ တရားမဝင်ရောင်းဝယ်မှု၏ ခရီးဆုံး သို့မဟုတ် ကျားများ ကူးပြောင်းရာဒေသရှိ အခြားနိုင်ငံများအနေဖြင့်လည်း ပိုမိုထိန်းသိမ်းသွားရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

လက်ရှိရာစုနှစ်အတွင်း အရှေ့တောင်အာရှဒေသရှိ ကျားအပါအဝင် အခြားရှားပါး တိရစ္ဆာန်နှင့် အပင်မျိုးစိတ်များအားလုံး၏ ၄၂ရာခိုင်နှုန်းအထိ ပျက်စီးပြုန်းတီးလျက်ရှိနေကြောင်း လေ့လာသိရှိရပါသည်။ (Asean Wildlife Enforcement Network)။ လက်ရှိအခြေအနေအတိုင်း ကျားများကို ဖမ်းဆီးရောင်းဝယ်မှုနှင့် သစ်တောများပြုန်းတီးမှုများရှိနေပါက ၂၀၃၅ခုနှစ်ခန့်တွင် ကမ္ဘာပေါ်ရှိ ကျားမျိုးနွယ်များ လုံးဝမျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားပါသည်။ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေများ Protected Area System (PAS) သည် နိုင်ငံတော်အတွက် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် ရှေးသမိုင်းစဉ်ဆက်ကပင် သဘာဝထိန်းသိမ်းရေးနယ်မြေများ ထူထောင်ထားခဲ့ရာ ပိတောင်ဘေးမဲ့တောကို ၁၉၁၈ခုနှစ်က စတင်တည်ထောင်နိုင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံအနေဖြင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေ ၃၅ခု၊ ဧရိယာအကျယ်အဝန်း အားဖြင့် ၁၄၅၂၃ဒသမ၂၅ စတုရန်းမိုင်၊ နိုင်ငံဧရိယာ၏ ၅ ဒသမ ၅၆ ရာခိုင်နှုန်းအထိ နိုင်ငံတော်မှ ထိန်းသိမ်းကာကွယ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ၎င်းပြင် နိုင်ငံတော်အနေဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄)ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာရှဒေသတွင် အိန္ဒိယနိုင်ငံပြီးလျှင် ကျားကောင်ရေအများဆုံး ကျန်ရှိနေသေးသည့် နိုင်ငံတစ်နိုင်ငံဟု ပညာရှင်များက ခန့်မှန်းထားကြပြီး နိုင်ငံတော်မှ ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် မြန်မာနိုင်ငံမြောက်ခြမ်း ကချင်ပြည်နယ် ဟူးကောင်း ကျားထိန်းသိမ်းရေးနယ်မြေကို ၂၀၀၄ခုနှစ်မှစတင်၍ တည်ထောင်နိုင်ခဲ့သည့်အတွက် ကမ္ဘာလုံးဆိုင်ရာ ကျားကောင်ရေ ပြန်လည်တိုးတက်ရေးနှင့် ကျားထိန်းသိမ်းရေးအတွက် အလားအလာကောင်းများ ရှိနေပါကြောင်း စာရေးသူက အောက်ပါကဗျာလေးဖြင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှု လုပ်ငန်းများကို အထောက်အကူပြု လက်ဆောင်မွန်ပါးရင်း စုစည်းတင်ပြလိုက်ရပါသည်-**

**ကမ္ဘာပေါ်တွင် ၊ အသက်ရှင်**
**သက်ရှိသက်မဲ့ ၊ ပတ်ဝန်းကျင်**
**မိသားစုသွင် ၊ စိတ်မှာထား**
**ဝိုင်းဝန်း စောင့်ရှောက်ကြစို့လား။ ။**

**တိရစ္ဆာန်ဉယျာဉ် (နေပြည်တော်) တွင် ကျား ဖြူ နှစ် ကောင် မြူးထူး ဆော့ကစား နေကြသည်ကို ဤသို့ တွေ့ရသည်။**



23-9 (10).pmd 1 9/23/2010, 2:00 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# ပေါ်တူဂီနည်းပြသစ် ဘန်တို

မောင်မောင်မြင့်ဆွေ ရေးသားသည်

လန်ဒန် စက်တင်ဘာ ၂၂

**ပေါ်တူဂီအသင်းကို ၂၀၁၀ ကမ္ဘာ့ဖလားပွဲနဲ့ ယူရို ၂၀၁၂ ခြေစစ်ပွဲတွေမှာ ကိုင်တွယ်မှုအားနည်းခဲ့လို့ နည်းပြကာလို့စ်ကွီရော့ဇ်ကို ဖယ်ရှားပြီး ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်က နည်းပြသစ်အဖြစ် ပေါလိုဘန်တိုကို စက်တင်ဘာ ၂၁ ရက်က ခန့်အပ်တာဝန် ပေးအပ်လိုက်ပြီဖြစ်ပါတယ်။**

### စာချုပ်

အခုနည်းပြအဖြစ် ခန့်အပ်လိုက်တဲ့ ဘန်တိုဟာ ပေါ်တူဂီနိုင်ငံသားဖြစ်ပြီး အသက် ၄၁နှစ် အရွယ်သာရှိသေးတဲ့ နည်းပြတစ်ဦးပဲဖြစ်ပါတယ်။ လောလောဆယ်မှာတော့ နည်းပြသစ် ဘန်တိုကို ပေါ်တူဂီအသင်းအတွက် ၂၀၁၂ ခုနှစ်အထိ နှစ်နှစ်စာချုပ် ချုပ်ဆိုထားပြီး တာဝန်ယူစေမှာ ဖြစ်ပါတယ်။ သူ့ရဲ့ စွမ်းဆောင်မှုဟာ ပေါ်တူဂီအသင်းအတွက် အောင်မြင်မှုတွေရရှိရင် သက်တမ်းတိုးပြီးစာချုပ်မှာ ဖြစ်ပါတယ်။

### ကစားခဲ့

ဘန်တိုဟာ ပေါ်တူဂီဘောလုံးအသင်းမှာ ၃၄ပွဲ ပါဝင်ကစားခဲ့ဖူးတဲ့ ဘောလုံးသမားတစ်ဦး ဖြစ်ပါတယ်။ ဗဟိုခံစစ်ကစားသမားတစ်ဦးဖြစ်ပြီး ခြေစွမ်းလည်း ပြနိုင်ခဲ့တာမို့ ပေါ်တူဂီအသင်းရဲ့ အဓိက အားကိုးရတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။

### နည်းပြမှတ်တမ်း

ဘန်တိုဟာ အခုလို ပေါ်တူဂီအသင်းနည်းပြအဖြစ် တာဝန်မယူခင်မှာ ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းမှာ ၂၀၀၅ ခုနှစ်ကစပြီး ၂၀၀၉ ခုနှစ်အထိ နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူ ဖြစ်ပါတယ်။ အခုမန်ယူကို ရောက်နေတဲ့ နာနီတို့ကို ကောင်းကောင်း သွန်သင်ကိုင်တွယ်သင်ပြပေးခဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် နည်းပြ ကွီရော့ဇ် လက်အောက်မှာ လက်ထောက်နည်းပြအဖြစ် ပေါ်တူဂီအသင်းကို ယူရို ၂၀၁၂ ခြေစစ်ပွဲတစ်ပွဲမှာ သရေပွဲရအောင် ကိုင်တွယ်ပေးခဲ့တဲ့ နည်းပြလည်း ဖြစ်ပါတယ်။

### အောင်မြင်မှု

စပို့တင်းလစ္စဘွန်းကလပ်မှာ နည်းပြအဖြစ် တာဝန်ယူခဲ့စဉ်ကာလက ၂၀၀၉ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ စပို့တင်းလစ္စဘွန်းအသင်းကို နောက်ဆုံး ၁၆သင်းအဆင့်အထိ တက်ရောက်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဘန်တိုဟာ ပေါ်တူဂီ အသင်းအတွက် ခြေစွမ်းပြနိုင်တဲ့ ကစားသမားတစ်ဦး ဖြစ်ခဲ့တဲ့အပြင် စပို့တင်းလစ္စဘွန်းကလပ်မှာလည်း ဗဟိုခံစစ်မှူးအဖြစ် ပါဝင်ကစားခဲ့သူ ဖြစ်ပါတယ်။ ကစားသမားဘဝမှာ စပို့တင်းလစ္စဘွန်းအတွက် ပေါ်တူဂီလိဂ်ဖလား နှစ်ကြိမ်ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။



ပေါ်တူဂီ နည်းပြသစ် ဘန်တို။

### ကျဆင်း

ဘန်တိုက စပို့တင်းလစ္စဘွန်းရဲ့ နည်းပြအဖြစ် နုတ်ထွက်ပြီးတဲ့ နှစ်လအတွင်းမှာပဲ စပို့တင်းလစ္စဘွန်းဟာ ပြည်တွင်းလိဂ်ပွဲစဉ်တွေမှာ တစ်ပွဲသာ နိုင်ပွဲရခဲ့တဲ့အထိ ကျဆင်းခဲ့တာမို့ ပေါ်တူဂီအသင်းကို နည်းပြအဖြစ် တာဝန်ယူပြီးတဲ့အခါ စပို့တင်းလစ္စဘွန်းကလပ်ကို နည်းပြအဖြစ် ပြန်လည်တာဝန်ပေးဖို့ တောင်းဆိုလာကြပါတယ်။

နည်းပြဘန်တိုဟာ ယူရို ၂၀၁၂ ခြေစစ်ပွဲအဖြစ် လာမယ့်အောက်တိုဘာ ၈ရက်မှာ ဒိန်းမတ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့်ပွဲအတွက် ပေါ်တူဂီအသင်းကို ပထမဆုံး နည်းပြအဖြစ် ကိုင်တွယ်ရမှာဖြစ်တာမို့ စိန်ခေါ်မှုတစ်ရပ်နဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အဲ့ဒီပွဲမှာ ပေါ်တူဂီအသင်းကို အနိုင်ရအောင် နည်းပြဘန်တို စွမ်းဆောင်နိုင်ခဲ့ရင်တော့ ရေရှည်ရပ်တည်နိုင်မှာဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ ဘန်တိုလည်း ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်နဲ့ ထိပ်တိုက်တိုးမှာ သေချာပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

**(အင်တာနက်)**

---

# ဗလင်စီယာတို့ နိုင်ပွဲဆက်ဦးမှာလား မက်ဆီမပါဘဲ ဘာစီလိုနာ ဘယ်လိုအဖြေရှာမလဲ

မြင့်မောင်စိုး - စုစည်းသည်

**မက်ဒရစ် စက်တင်ဘာ ၂၂**

ဘောလုံးပရိသတ်များ ယခုတစ်ပတ်အတွင်း စောင့်ကြည့်ရမယ့် ဘောလုံးပြိုင်ပွဲတွေထဲမှာ စပိန်လာလီဂါပြိုင်ပွဲလည်း အပါအဝင်ဖြစ်ပါတယ်။ ယခုသီတင်းပတ် စက်တင်ဘာ ၂၅ရက်နဲ့ ၂၆ရက် (စနေ၊ တနင်္ဂနွေ)ရက်တွေမှာ ကစားကြမှာ ဖြစ်ပါတယ်။

စက်တင်ဘာ ၂၅ရက်မှာတော့ သုံးပွဲဆက်တိုက်အနိုင်ရထားတဲ့ ဗလင်စီယာအသင်းဟာ စပို့တင်းအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဗလင်စီယာအသင်းဟာ ယခုနှစ် စပိန်လာလီဂါ သုံးပွဲကစားအပြီးမှာ သုံးပွဲစလုံးနိုင်ထားလို့ ရမှတ် ကိုးမှတ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရှိနေပါတယ်။ ဗလင်စီယာအသင်းဟာ လက်ရှိအနေအထားအရ စပိန်လာလီဂါမှာ ခြေစွမ်းအကောင်းဆုံးလို့ ဆိုရမှာပါ။ သို့သော်လည်း စပို့တင်းကို လွယ်လွယ်နဲ့တော့ ဂိုးသွင်းနိုင်မှာ မဟုတ်ပါဘူး။ စပို့တင်းအသင်းဟာလည်း အစဉ်အလာရှိတဲ့ အသင်းဖြစ်ပါတယ်။ စပို့တင်းက အိမ်ရှင်အဖြစ် ကစားရမှာဆိုတော့ အနည်းဆုံးသရေပွဲဖြစ်အောင်တော့ ကစားမယ်လို့ မျှော်လင့်ရပါတယ်။

### ရီးရဲမက်ဒရစ်

မော်ရင်ဟိုရဲ့ ရီးရဲမက်ဒရစ်အသင်းကတော့ လီဗန်တေးအိမ်ကွင်းမှာ သွားရောက်ကစားရမှာ ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ အက်စ်ပန်ညိုအသင်းကို စက်တင်ဘာ ၂၁ရက်က သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်တာကြောင့် ဇယားထိပ်ဆုံးသို့ ရောက်ရှိလာပါတယ်။ လီဗန်တေးအသင်းဟာ ယခုနှစ် စပိန်လာလီဂါ ပွဲစဉ်သုံးပွဲကစား အပြီးမှာ တစ်ပွဲမှ အနိုင်မရသေးပါဘူး။ ယခုပြိုင်ပွဲကတော့



အက်စ်ပန်ညိုအသင်းနှင့် ကစားရာတွင် ရီးရဲမက်ဒရစ်မှ စီရိုနယ်ဒို၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အိမ်ကွင်းမှာ ကစားရမှာဆိုတော့ ရီးရဲမက်ဒရစ်ကို သရေကျအောင် ခံကစားပြီး တစ်မှတ်ရအောင်ယူမယ့် အနေအထားပါပဲ။ ဒါပေမယ့် နိုင်ပွဲတွေ ဆာလောင်မွတ်သိပ်နေတဲ့ မော်ရင်ဟိုဟာ သူ့အသင်းကို မနိုင်နိုင်အောင် ဖိအားပေး ကစားပါလိမ့်မယ်။

### ဘီဘာအို-ဘာစီလိုနာ

စပိန်လာလီဂါ လက်ရှိချန်ပီယံဘာစီလိုနာအသင်းဟာ ယခုနှစ် စပိန်လာလီဂါမှာ သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးပြီး ရမှတ် ခြောက်မှတ်နဲ့ အမှတ်ပေးဇယား နံပါတ် (၇)မှာရှိနေပါတယ်။ ဒီပွဲမှာ ဘာစီလိုနာက ဘီဘာအို အိမ်ကွင်းမှာသွားကစားရမှာ ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းမှာ အဓိကတိုက်စစ်မှူးဖြစ်တဲ့ မက်ဆီ အနာတရဖြစ်ထားလို့ ဒီပွဲမှာ ပါဝင်နိုင်ဦးမှာ မဟုတ်ပါဘူး။

ဘာစီလိုနာနည်းပြ ဂွါဒီယိုလာက မက်ဆီနေရာမှာ အင်နီယေစတာကို ထားပြီး ပက်ဒရိုနဲ့ တွဲဖက်ပွဲထုတ်ဖို့ စီစဉ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီပွဲမှာ မက်ဆီမပါဝင်သေးပေမယ့် ဘာစီလိုနာတို့ ပွတ်ကာသီကာနဲ့ အနိုင်ရသွားနိုင်ပါတယ်။

စက်တင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့)မှာတော့ အဓိကပြိုင်ပွဲကြီးအဖြစ် ဆီဗီလာအသင်းနဲ့ ဟာကူးလက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ ယခုနှစ်စပိန်လာလီဂါမှာ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာတို့နှင့်အပြိုင် ထိပ်သီးစာရင်းဝင် အသင်းတစ်သင်းအဖြစ် အားပြိုင်နေတာတွေ့ရပါတယ်။ ဆီဗီလာအသင်းအနေဖြင့် ဒီပွဲမှာ ဟာကူးလက်အသင်းကို အနိုင်ကစားပြီး ရမှတ်သုံးမှတ် ရယူဦးမယ်လို့ မျှော်လင့်ရပါတယ်။

ဒီနေ့မှာ စိန်ခေါ်မှုအားကောင်းနေတဲ့ အက်သလက်တီကို မက်ဒရစ်အသင်းကလည်း ရီးရဲဇာရာဂိုဇာအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဒီပွဲမှာ အက်သလက်တီကို မက်ဒရစ်ရဲ့ အဓိကအားထားရတဲ့ အဂွီယာရို ဒဏ်ရာရထားတဲ့အတွက် ပါဝင်နိုင်ဖွယ် မရှိသေးပါဘူး။ ဘာပဲဖြစ်ဖြစ် တိုက်စစ်အားကောင်းနေတဲ့ အက်သလက်တီကို အသင်းဟာ အိမ်ကွင်းမှာ အနိုင်ကစားမယ်လို့ ခန့်မှန်းရပါတယ်။

### အခြားပွဲ

ဒီနေ့မှာတော့ အခြားပွဲစဉ်များအဖြစ် ဒီပို့တီပိုနဲ့ အယ်မီဒီယာ၊ အက်စ်ပန်ညိုနဲ့ အိုဆာဆူနာ၊ မာလော့ကာနဲ့ ရီးရဲဆိုစီဒက်၊ ရေးဆင်းနဲ့ ဂီတာဖေးတို့ပွဲတွေလည်း ရှိပါတယ်။ မာလာဂါနဲ့ ဗီလာရီးရဲတို့ကတော့ စက်တင်ဘာ ၂၇ရက်မှာ ကစားကြမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ စပိန်လာလီဂါပွဲများကို စောင့်ကြည့်နေကြတဲ့ ဘောလုံးချစ်သူများအတွက် သူနိုင်ကိုယ်နိုင် အပြိုင်နွှဲကြမယ့် လာလီဂါပြိုင်ပွဲများအကြောင်း တစေ့တစောင်း တင်ပြလိုက်ရပါတယ်။ ။

**ကိုးကား-အင်တာနက်**

---

ကောင်းမြတ်သူ ➢ စုစည်းသည်

# ကားလင်းဖလားပြိုင်ပွဲ အာဆင်နယ်ဂိုးပြတ်နိုင်

**လန်ဒန် စက်တင်ဘာ ၂၂**

ကားလင်းဖလား ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၂၁ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်က တော့တင်ဟမ်ဟော့စပါး အိမ်ကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

အာဆင်နယ်က အဝေးကွင်းကစားခဲ့ရသော်လည်း ပထမပိုင်းတွင် လန်ဘူရီ၏ အဖွင့်ဂိုးကြောင့် စပါးအသင်းကို အသာစီးဖြင့် ကစားနိုင်ခဲ့သည်။ လန်ဘူရီက ပွဲစပြီး ၁၅မိနစ်တွင် ဂျက်ဝီလ်ရှုရီ၏ ဖြတ်ထိုးပေးလိုက်သည့် ဘောမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် လူစားဝင်လာသူ ရော်ဘီကိန်းက စပါးအတွက် ချေပဂိုးသွင်းယူပေး ခဲ့သည်။

တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်နေချိန် အချိန်ပိုတွင် နာဆရီက အာဆင်နယ်အသင်းအတွက် ပယ်နယ်တီမှတစ်ဆင့် နှစ်ဂိုးသွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းအတွက် စတုတ္ထဂိုးကို အရှာဗင်က သွင်းယူခဲ့သည်။ ထိုနေ့က စတုတ်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ကစားရာတွင် စတုတ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ စတုတ်အသင်းအတွက် ဂိုးများကို ဟိုက်ဂျင်ဘိုတန်နှင့်ဂျုံးစ်တို့က သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

### ဆန်းဒါးလန်း-ဝက်စ်ဟမ်း

ဝက်စ်ဟမ်းအသင်းက ဆန်းဒါးလန်းအသင်းနှင့် ကစားရာတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ပရီမီယာလိဂ်ကလပ် ဘာမင်ဂမ်အသင်းကလည်း အမ်ကေဒွန်းစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။ အဲဗာတန်က ဘရက်ဖို့ဒ်နှင့် ကစားရာတွင်



အာဆင်နယ်မှ နာဆရီက စပါးအသင်းဘက်သို့ ပယ်နယ်တီဂိုးသွင်းယူစဉ်။ (အင်တာနက်ဓာတ်ပုံ)

တစ်ဖက်တစ်ဂိုးစီ သရေကျပြီး ဘော်လတန်က ဘန်လေကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဝူလ်ဗာဟမ်တန်နှင့် နော့ကောင်တီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဝူလ်ဗာဟမ်တန်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**



စတုတ်အသင်းအတွက် အဖွင့်ဂိုးကို ဟိုက်ဂျင်ဘိုတန်က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

---

# လီဗာပူးနည်းပြဟောင်း ဟူလီယာ အက်စ်တွန်ဗီလာနှင့် သုံးနှစ်စာချုပ်

**လန်ဒန် စက်တင်ဘာ ၂၂**

လီဗာပူးနည်းပြဟောင်း ဂျရတ်ဟူလီယာသည် အက်စ်တွန်ဗီလာအသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်သည်။



### ကိုင်တွယ်

ဟူလီယာသည် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်မှ နုတ်ထွက်ခဲ့ပြီးနောက် ဘလက်ဘန်းနှင့် ကစားသည့် ကားလင်းဖလားပြိုင်ပွဲမှစတင်ကာ အက်စ်တွန်ဗီလာအသင်းကို ကိုင်တွယ်ခဲ့သည်။

### ရယူပေးနိုင်

အသက် ၆၃နှစ်အရွယ်ရှိပြီးဖြစ်သော ဂျရတ်ဟူလီယာသည် ၂၀၀၁ခုနှစ်က လီဗာပူးအသင်းနှင့်အတူ အက်ဖ်အေဖလားနှင့် ယူအီးအက်ဖ်အေဖလားတို့ကို ရယူပေးနိုင်ခဲ့သူ ဖြစ်သည်။ **(အင်တာနက်)**



## မအူပင်မြို့နယ် မလက်တိုကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သံကူကွန်ကရစ် နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ရက်က ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးမြင့်ဦး၊ မအူပင်ခရိုင် ဥက္ကဋ္ဌ ဦးအေးသောင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင် ဦးထွန်းလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

### လွှဲပြောင်းပေးအပ်

ဆက်လက်၍ မလက်တိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သံကူကွန်ကရစ် နှစ်ထပ်စာသင်ကျောင်းဆောင်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပရာ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဦးမြင့်ဦးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးထွန်းလွင်တို့က မအူပင်ခရိုင် ပညာရေးမှူး ဦးစိုးမြင့်သန်းထံ လွှဲပြောင်းပေးအပ်သည်။

### အဆင့်တိုးမြှင့်

ထို့နောက် မလက်တိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမေက အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်အတွက် ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





**သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး လုပ်ငန်းများနှင့် လိပ်သိုလမ်း ကွန်ကရစ်တံတား အဆင့်မြှင့်တင် ပြင်ဆင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၅ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသီဟမောင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်လင်းတို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



## ဘဝမီးအိမ်စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုက ဇေယျာသီရိ မြို့နယ် ကျောက်ချက်ကျေးရွာ ဘဝမီးအိမ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စာအုပ်စာစောင်ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ၈ရက် ညနေ၃ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအေးဖေ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြင့် (ကဗျာဆရာ-မောင်ကြူးရင့်)နှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးအေးဖေက အမှာစကားပြောကြားပြီး အလှူရှင် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူးက စာအုပ်စာစောင်များလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်း ၁၅၂ အုပ်နှင့် ဂျာနယ်မျိုးစုံ အုပ် ၁၀၀တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ် မြို့နယ်ပညာရေးမှူးဒိုင်း ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ဆိပ်ဖြူ စက်တင်ဘာ ၂၂**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဆိပ်ဖြူမြို့နယ် မြို့နယ်ပညာရေးမှူးဒိုင်း အသက် ၁၃ နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

### ဖွင့်လှစ်

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်ပညာရေးမှူး ဦးငွေဝင်းက ပြိုင်ပွဲကို ဘောလုံးကန်ပြီး ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးနယ်မြေ(၁၁)ခုမှ ကစားသမားများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြို့နယ် သတင်း ထွေထွေ



## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သုတေသနစာတမ်းများ ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၂၂**

၂၀၁၁ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သုတေသနနှင့် အင်ဂျင်နီယာ ဘာသာရပ်ပေါင်းစုံ စာတမ်းဖတ်ပွဲများကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ၌ စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။

### ဆက်သွယ်စုံစမ်းနိုင်

စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့ဖတ်ကြားလိုသော သုတေသနစာတမ်းများ စာတမ်းအကျဉ်းချုပ် (Abstract) ကို နိုဝင်ဘာ၁၅ရက် နောက်ဆုံးထား၍ လည်းကောင်း၊ စာတမ်းအပြည့်အစုံ (Full Paper) ကို ဒီဇင်ဘာ၇ရက် နောက်ဆုံးထား၍လည်းကောင်း စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန် e-mail address-mes@mptmail. net.mm, mes. asre6@gmail.com တို့သို့ လိပ်မူပြီး ပေးပို့ရမည် ဖြစ်ကြောင်း၊ အသေးစိတ်အစီအစဉ်နှင့် စာတမ်းရေးသားရန် Guide Line ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Website-www.mes. org. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုသည်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံးအဖွဲ့မှူး ဒေါ်အေးအေးမော် ဖုန်း-၅၁၉၈၅၄၊ ၅၁၉၆၇၆၊ လိုင်းခွဲ-၂၀၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း မရမ်းကုန်းမြို့နယ်၌ ပို့ချ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို စက်တင်ဘာ ၁၉ရက် နံနက် ၈နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ဖွင့်လှစ်သည်။**(အောက်ဝဲပုံ)**

အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အမှတ်(၃)ရပ်ကွက် တာဝန်ခံ ဦးခင်မောင်ဝင်းနှင့် အမှတ်(၃) ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ဒွေးက အမှာစကားပြောကြားသည်။

### ရှင်းလင်းပို့ချ

မရမ်းကုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်ဇော် (မရမ်းကုန်း)က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို အသေးစိတ်ရှင်းလင်း ပို့ချခဲ့ကြောင်း သိရသည်။

(၁၁၁)

## နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ ပေါင်မြို့နယ်၌ ကျင်းပ

**ပေါင် စက်တင်ဘာ ၂၁**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ နိုင်ငံသားခွင့်ပြုလက်မှတ်ရသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ပေးအပ်

အခမ်းအနားတွင် မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသန်းလွင်က ပေါင်မြို့နယ်အတွင်းရှိ ဒေသခံရပ်ကွက်၊ ကျေးရွာကိုယ်စားလှယ်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မြို့ဝင် ဆိုင်းဘုတ်ဆောက်လုပ်နေမှုကို အမှုဆောင်အရာရှိ ဦးလှတင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ထွန်းကျော်တို့ စက်တင်ဘာ၁၆ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# အာလူးနှင့် ကြက်သွန်ဖြူစိုက်ပျိုးဖြစ်ထွန်းရာ အောင်ပန်းနှင့် ပင်လောင်းကြားက နောင်တရားမြို့

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း
ကိုထွေး



နောင်တရားမြို့ နောင်တောကျေးရွာ အောင်ပန်း-နောင်တရားလမ်းဘေးရှိ ကြက်သွန်ဖြူစိုက်ခင်း၌ ကြက်သွန်ဖြူနုတ်နေကြသည်ကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၂၂

နေပြည်တော်-ပင်လောင်းလမ်းနှင့် လိန်းလီကြိုးတံတားအကြောင်း သတင်းဆောင်းပါးများကို ဖတ်ရှုရသောအခါ နေပြည်တော်-ပင်လောင်းလမ်းကို သွားခွင့်ကြုံပါလျက် မသွားဖြစ်ခဲ့ခြင်းအကြောင်းကို ပြန်ပြောင်းစဉ်းစားနေမိလေသည်။ ထိုအခါ အောင်ပန်းနှင့် ပင်လောင်းကြားက နောင်တရားမြို့ကလေးကို မျက်စိထဲ ပြန်လည်မြင်ယောင်လာမိသည်။ စာမျက်နှာ ၇ ကော်လံ ၁ ✻



နေစွမ်းအင်သုံး ဆိုလာပြားများ။

# နေစွမ်းအင်စခန်းကြီး ဩစတြေးလျ၌ တည်ဆောက်မည်

ကင်ဘာရာ စက်တင်ဘာ ၂၂

နေစွမ်းအင်ကို အပြည့်အဝအသုံးချရန်ကြိုးစားနေသည့် ကမ္ဘာ့နိုင်ငံများအနက် ဩစတြေးလျနိုင်ငံလည်း အပါအဝင်ဖြစ်ရာ ယခုအခါ ကမ္ဘာ့အကြီးဆုံး နေစွမ်းအင် ရယူနိုင်မည့်စခန်းတစ်ခုကို တည်ဆောက်ရန် စီစဉ်နေပြီဟု ဩစတြေးလျမီဒီယာများက စက်တင်ဘာ ၂၂ရက်၌ ဖော်ပြလိုက်သည်။

## တည်ဆောက်မည်

၄င်းနေစွမ်းအင်ရယူမည့်စခန်းကို ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် အနောက်မြောက်ပိုင်း မီလ်ဒူရာမြို့အနီး၌ တည်ဆောက်မည်ဖြစ်သည်။ ထိုသို့တည်ဆောက်ရန်အတွက် ဩစတြေးလျအစိုးရက အမေရိကန်ဒေါ်လာ ၉၅သန်းခွင့်ပြုမည်ဖြစ်ပြီး ဩစတြေးလျနိုင်ငံမှ တီအာယူစွမ်းအင်ကုမ္ပဏီနှင့် ပူးတွဲဆောင်ရွက်မည်ဖြစ်သည်။

မယ်လီဆိုလာဥယျာဉ်ဟုအမည်ပေးထားသော ၄င်းစီမံကိန်းအတွက် အလုပ်အကိုင် ၂၀၀ကျော် ဖန်တီးပေးနိုင်မည်ဖြစ်ပြီး နေအိမ် ၆၀၀၀၀ကို စွမ်းအင်လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ စာမျက်နှာ ၈ ကော်လံ ၅ ■